

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၆၄ / ၂၀၂၁ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၁ ခုနှစ်၊ ဩဂုတ်လ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၅၀၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

## မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် အမှာစကား ၇

၂။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၁၁

၃။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၁၇

၄။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၂၂

၅။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၂၈

၆။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဉ္စမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၃၅

၇။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာများတွင် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၄၁


■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် အမှာစကား

( ၃ - ၇ - ၂၀၂၁ )



အားလုံးမင်္ဂလာပါ -

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၁ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့မှာ ကျရောက်တဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် နေ့ထူးနေ့မြတ်ဖြစ်တဲ့ မြန်မာအမျိုးသမီးများနေ့မှာ မြန်မာအမျိုးသမီးများအားလုံးကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

အမျိုးသမီးများနေ့နဲ့ပတ်သက်လို့ မကြာသေးမီက မတ်လ (၈) ရက်နေ့မှာကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို မြန်မာနိုင်ငံမှာလည်း အခြားနိုင်ငံများနည်းတူ ကျင်းပခဲ့ပါတယ်။ ဒါကတော့ ၂၀ ရာစုအစောပိုင်းမှာ အမျိုးသမီးများရဲ့အခွင့်အရေးများကို တောင်းဆိုခဲ့ကြရာမှအစပြုပြီး ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်မျှရှိတဲ့ အမျိုးသမီးထုကြီးကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာနေ့တစ်နေ့အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက တရားဝင်အသိအမှတ်ပြုပြီး ကျင်းပပေးခြင်းဖြစ်ပါတယ်။

မြန်မာအမျိုးသမီးများနေ့ကတော့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဖွဲ့စည်းခဲ့တဲ့ ဇူလိုင်လ (၃) ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်ကို ပြန်လည်ကြည့်မယ်ဆိုရင် မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနဲ့လူမျိုးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းနယ်ပယ်အသီးသီးမှာ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ရင်ပေါင်တန်း

ပြီး လွတ်လပ်တက်ကြွစွာ ပါဝင်စွမ်းဆောင်ခဲ့တဲ့ အစဉ်အလာကောင်းများရှိခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်လုံးမှာလည်း လွတ်လပ်ရေးအတွက် အမျိုးသားများနဲ့တန်းတူ လက်နက်စွဲကိုင်တိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသားရေးလှုပ်ရှားမှုမှာ ဦးဆောင်ပါဝင်ခဲ့ကြတဲ့ အမျိုးသမီးခေါင်းဆောင်တွေဟာ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ဂုဏ်ယူမဆုံးဖြစ်ရတဲ့ သမိုင်းမှတ်ကျောက်တွေပဲ ဖြစ်ပါတယ်။

လက်ရှိမျက်မှောက်ကာလမှာလည်း မြန်မာနိုင်ငံရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်အသီးသီးမှာ ခေတ်အဆက်ဆက် ကြီးမားလေးနက်တဲ့ တာဝန်ထမ်းဆောင်နေကြတဲ့အမျိုးသမီးတွေဟာ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုတွေမှာ ဦးဆောင်နေကြတာ တွေ့ရပါတယ်။ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာကဏ္ဍအသီးသီးအတွက် ဖွဲ့စည်းထားတဲ့ ကော်မရှင်နဲ့ကော်မတီများမှာ အမျိုးသမီးများပါဝင်နေတာကိုတွေ့ရှိရမှာဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးကဏ္ဍမှာလည်း အမျိုးသမီးတွေ ပါဝင်ထမ်းရွက်နေကြပြီ ဖြစ်ပါတယ်။

ဒါကြောင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများနဲ့ အသိပညာ၊ အတတ်ပညာ၊ အနုပညာ၊ ကာကွယ်ရေး၊ လုံခြုံရေးစတဲ့ နယ်ပယ်အသီးသီးမှာပေါ်ထွက်ခဲ့တဲ့ ထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးတွေရဲ့ စွမ်းဆောင်နိုင်မှုနဲ့အတူ မြန်မာအမျိုးသမီးထုအားလုံးကို အသိအမှတ်ပြု ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ပြီး အခုလို နိုင်ငံတော်အခမ်းအနားအဖြစ် ကျင်းပဂုဏ်ပြုရခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကို အခြေခံပြီး ခန့်မှန်းတွက်ချက်ထားမှုအရ ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့ရှိ ခန့်မှန်းလူဦးရေစုစုပေါင်း (၅၅ ဒသမ ၁) သန်းခန့်ဟု သိရပါတယ်။ အမျိုးသားဦးရေ (၂၆ ဒသမ ၄)သန်းခန့်နှင့် အမျိုးသမီးဦးရေ (၂၈ ဒသမ ၇)သန်းခန့်ကို ခန့်မှန်းခဲ့တာကြောင့် အမျိုးသမီးပါဝင်မှု လူဦးရေမှာ (၅၂ ဒသမ ၁၃) ရာခိုင်နှုန်းဖြစ်ပြီး နိုင်ငံ့လူဦးရေရဲ့ ထက်ဝက်ကျော်ရှိကြောင်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဦးတည်ချက်များ အကောင်အထည်ဖော်ဖို့ နိုင်ငံတဝန်းလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့၊ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့စတဲ့ လုပ်ငန်းရပ်တွေ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ဆိုရင် အမျိုးသမီးတွေရဲ့ စွမ်းအားနဲ့ စွမ်းဆောင်မှုတွေဟာ အလွန်အရေးကြီးကြောင်း တွေ့ရ မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကဏ္ဍပေါင်းစုံမှ အမျိုးသမီးတွေ ပါဝင်နိုင်ဖို့ အခွင့်အလမ်းပေါင်းစုံနဲ့ တန်းတူညီမျှ လုပ်ဆောင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေတာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံတော်ရဲ့ အဓိကစွမ်းအားစုကြီးဖြစ်တဲ့ မြန်မာအမျိုးသမီးများရဲ့ အခန်းကဏ္ဍကို တစ်ဆင့်ထက်တစ်ဆင့် မြင့်မားတိုးတက်စေဖို့၊ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ တန်းတူညီမျှရရှိစေဖို့အတွက် ၁၉၉၅ ခုနှစ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့မှာကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက်ကမ္ဘာ့အမျိုးသမီးများညီလာခံက အတည်ပြုချမှတ်ခဲ့တဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍကြီး (၁၂) ရပ်ပါဝင်တဲ့ ဘေဂျင်းကြေညာစာတမ်း (Beijing Declaration)နဲ့ ဘေဂျင်းလုပ်ငန်းစီမံချက်၊ ၁၉၇၉ ခုနှစ်မှာ ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (Convention on the Elimination of All forms of Discrimination Against

> နိုင်ငံတော်ရဲ့
> နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေး
> ဦးတည်ချက်များ အကောင်အထည်ဖော်ဖို့၊
> နိုင်ငံတဝန်းလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့၊
> လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့
> စတဲ့လုပ်ငန်းရပ်တွေ အပြည့်အဝ
> အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့
> ဆိုရင် အမျိုးသမီးတွေရဲ့ စွမ်းအားနဲ့
> စွမ်းဆောင်မှုတွေဟာ အလွန်အရေးကြီး။

Women–CEDAW)၊ ၂၀၁၅ ခုနှစ်မှာ ကုလသမဂ္ဂကချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ(Sustainable Development Goals – SDGs) စတဲ့ နိုင်ငံတကာအဆင့် ကတိကဝတ် ပြုထားမှုတွေကိုလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနဲ့အညီ အကောင်အထည်ဖော်လျက်ရှိပါတယ်။

အဲ့ဒီလို အကောင်အထည်ဖော်တဲ့နေရာမှာ မြန်မာအမျိုးသမီးများရဲ့ စွမ်းဆောင်ရည်မြင့်မားရေးနဲ့ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရေး ဦးဆောင်လမ်းညွှန်ဆောင်ရွက်သွားဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ နိုင်ငံတော်အဆင့်လုပ်ငန်းယန္တရားဖြစ်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနဲ့ဒေသဆိုင်ရာကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။

နယ်ပယ်ရပ်အားလုံးမှာ အမျိုးသမီးများ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရေးအတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃–၂၀၂၂)ကို ဦးစားပေးလုပ်ငန်း နယ်ပယ် (၁၂)ရပ်ကိုအခြေခံပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP)နဲ့လည်း ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိပါတယ်။

> ကျား၊ မ ရေးရာ တန်းတူညီမျှမှုနဲ့ ကျေးလက်မြို့ပြ ကွာဟချက်နည်းပြီး ညီတူညီမျှ ဖွံ့ဖြိုးတိုးတက်ကာ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မား လာနိုင်စေမယ့် လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်များ၊ လူမှုရေးရာဝန်ဆောင်မှုများနဲ့ လုပ်ထုံးလုပ်နည်းများကို ဆက်လက် ဖော်ထုတ်ဆောင်ရွက်သွားကြရမှာဖြစ်။

အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်ရန်နဲ့ စောင့်ရှောက်မှုများပေးနိုင်ရန်အတွက်လည်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း) ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့အနေနဲ့ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရှေ့ပိုင်းမှာ ပြောကြားခဲ့တဲ့ ပုံမှန်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသလို လက်ရှိအချိန်ကာလလို ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် – ၁၉ ရဲ့ နောက်ဆက်တွဲ ဆိုးကျိုးများကနေ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ရာမှာလည်း အမျိုးသမီးများနဲ့ သက်ဆိုင်တဲ့အခန်းကဏ္ဍကို နောက်ကျန်မနေစေဖို့ ကိုဗစ် – ၁၉ ကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (COVID–19 Economic Relief Plan–CERP)ကို ရေးဆွဲအကောင်အထည်ဖော်မှုတွေမှာလည်း ကျား၊ မ တန်းတူညီမျှမှုရရှိရေးနဲ့ ငယ်ရွယ်သူများအပါအဝင် အမျိုးသမီးများအားလုံး စွမ်းပကားတိုးမြင့်စေရေးဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားထားကြောင်းကိုလည်း အသိပေးပြောကြားလိုပါတယ်။

ဒါ့ကြောင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှုနဲ့ ကျေးလက်မြို့ပြကွာဟချက်နည်းပြီး ညီတူညီမျှ ဖွံ့ဖြိုးတိုးတက်ကာ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားလာနိုင်စေမယ့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ၊ လူမှုရေးရာဝန်ဆောင်မှုများနဲ့လုပ်ထုံးလုပ်နည်းများကို ဆက်လက်ဖော်ထုတ်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့

- အမျိုးသမီးများရဲ့ လူမှုဘဝဖွံ့ဖြိုးရေး၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးတို့နဲ့ သက်ဆိုင်တဲ့လုပ်ငန်း အစီအစဉ်များ၊ စီမံကိန်းများ၊ စီမံချက်များဆောင်ရွက်ရာမှာ သက်ဆိုင်ရာကဏ္ဍအလိုက် အားလုံးဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ပေးကြပါ။
- ဒီလို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ မည်သူတစ်ဦး တစ်ယောက်မျှ မကျန်ရစ်ကြစေဖို့ နိုင်ငံတော်အစိုးရ၊ လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိက

ကဏ္ဍ၊ ပြည်သူများနဲ့ အမျိုးသမီးထုကြီးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါ။

- မြန်မာအမျိုးသမီးများသည် အမျိုးသားတွေနဲ့ ရင်ပေါင်တန်းပြီး ကဏ္ဍစုံမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့ အမျိုးသမီးတိုင်း စာတတ်မြောက်ရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး၊ ဗဟုသုတလေ့လာပြည့်စုံစေရေး၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝရေးကို ကြိုးပမ်းအားထုတ်ကြပါ။
- ခေတ်အဆက်ဆက်က စွမ်းရည်ထက်မြက်ကြတဲ့ မြန်မာအမျိုးသမီးတွေရဲ့ စွမ်းဆောင်မှုတွေကို လေးစားဂုဏ်ယူ အားကျအတုယူပြီး မျိုးဆက်သစ် မြန်မာအမျိုးသမီးတွေရဲ့ ဘဝလုံခြုံမှုနဲ့ စွမ်းရည်မြင့်မားရေးကို ဦးတည်ကြိုးပမ်း အားထုတ်ပေးကြပါလို့ အလေးအနက်တိုက်တွန်းမှာကြားအပ်ပါတယ်။

စွမ်းဆောင်ရည်ပြည့်ဝတဲ့ မြန်မာအမျိုးသမီးများ တိုးပွားသည်ထက်တိုးပွားပြီး နိုင်ငံနဲ့လူမျိုးအကျိုးကို မြင့်မားသည်ထက် မြင့်မားရလေအောင် ဆောင်ရွက်နိုင်ကြပါစေ။

အားလုံးကိုကျေးဇူးတင်ပါတယ်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

■ ■ ■

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

## ( ၉ – ၇ – ၂၀၂၁ )




ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၉ ရက်၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ အစည်း အဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ကိုဗစ် – ၁၉ ရောဂါသည် ကမ္ဘာ့နိုင်ငံအချို့တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ နှောင်းပိုင်းနှင့် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလများတွင် စတင်ဖြစ်ပေါ်ခဲ့ပြီး မိမိတို့နိုင်ငံတွင် မတ်လ ၂၃ ရက်တွင် စတင်ဖြစ်ပွားခဲ့ကြောင်း၊ ရောဂါဖြစ်ပွားမှု ပထမလှိုင်းကာလနှင့် ဒုတိယလှိုင်းကာလများတွင် ဖြစ်ပွားမှုနှုန်း နည်းပါးခဲ့သော်လည်း ယခုနှစ် မေလနှောင်းပိုင်းနှင့် ဇွန်လဆန်းပိုင်းတွင် တတိယလှိုင်းဖြစ်ပေါ်လာပြီး ကူးစက်မှုနှုန်းမြင့်တက်လာခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ထိုအခြေအနေကိုစိုးရိမ်နေရုံဖြင့်မရဘဲ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်နေရန်လိုကြောင်း၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ကြိုတင်ကာကွယ်ခြင်းနှင့် ကုသခြင်းအပိုင်းနှစ်ခုရှိကြောင်း၊ မိမိတို့နိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ တွင် ၂၈၆ မြို့နယ်၌ ရောဂါပိုးကူးစက်မှုရှိကြောင်း၊ ကိုဗစ် – ၁၉ နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့်အမိန့်များအား အများပြည်သူများ တိတိကျကျလိုက်နာရန်နှင့် လူစုလူဝေးများ မပြုလုပ်ရန်လိုအပ်ပြီး မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်များရှိပါကလည်း အတတ်နိုင်ဆုံးအကာကွယ်များဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလားတူ ကိုယ်ခံစွမ်းအားများကောင်းမွန်အောင် နေထိုင်စားသောက်ရန်လည်း လိုအပ်ကြောင်း၊ ယခုအခါ လူစုလူဝေးမဖြစ်ပေါ်

စေရေးအတွက် စာသင်ကျောင်းများကိုလည်း ခေတ္တပိတ်ထားကြောင်း၊ နိုင်ငံအတွင်း ကိုဗစ် –၁၉ ရောဂါဖြစ်ပွားမှုအား မျက်ခြည်မပြတ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးသည် နိုင်ငံအတွက်အရေးကြီးသည့် အနေအထားတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကိုဗစ် –၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးနှင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် “ကျွန်တော်တို့အနေနဲ့ ကာကွယ်ကုသခြင်းအပိုင်းမှာလည်း တစ်ဖက်ကလည်း ကျွန်တော်တို့ ဆေးတွေဝယ်ခဲ့တာရှိတယ်။ အရင်အစိုးရလက်ထက်တုန်းက ဆေးဝယ်ခဲ့တာရှိတယ်။ အိန္ဒိယနိုင်ငံကနေ ကျွန်တော်တို့ဆေးဝယ်တာအလုံးသန်း ၃၀ ကျွန်တော်တို့ဝယ်ခဲ့ပါတယ်။ ဝယ်ခဲ့တဲ့အခါမှာလည်း ပထမအသုတ် ၂ သန်းရောက်ပြီးတော့ နောက်ပိုင်းကျတော့ အကြောင်းအမျိုးမျိုးနဲ့၊ အထူးသဖြင့် အိန္ဒိယနိုင်ငံမှာ ဖြစ်ပွားနေတဲ့ သူတို့ရဲ့ ရောဂါပြန့်ပွားမှုအခြေအနေအရ သူတို့ ကန့်သတ်မှုတွေ ပြုလုပ်တဲ့အခါမှာ သူတို့မှာလည်း ပေးဖို့အတွက် အခက်အခဲတွေရှိပါတယ်။ ဒီသန်း ၃၀မှာလည်း ကြိုတင်ငွေလည်းပေးပြီးသားပါ။ ၇၅ သန်း ကျွန်တော်တို့ပေးထားတယ်။ အဲ့ဒီတော့ ၂ သန်းရောက်ပြီးတော့ နောက်ထပ် ထပ်မလုပ်နိုင်ဘူး။ ဒီကြားထဲမှာ တရုတ်နိုင်ငံကနေပြီးတော့ ကူညီပေးတဲ့ ဆေးတွေရှိပါတယ်။ နောက်တခြားအလှူရှင်တွေကနေပြီးတော့လှူပေးတဲ့ Small Amount လှူပေးတာတွေလည်း ရှိပါတယ်။ နောက် ကျွန်တော်တို့လည်း လိုအပ်ချက်အရ ရုရှားနိုင်ငံကိုသွားတဲ့အချိန်မှာလည်း ရုရှားနိုင်ငံမှာ ကျွန်တော်ကိုယ်တိုင်ပဲ ကာကွယ်ရေးဝန်ကြီးရော၊ သူတို့ရဲ့ လုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ်နဲ့လည်း တွေ့ဆုံပြီးတော့ ဒါလိုချင်တယ်ဆိုတော့ သူတို့ချက်ချင်းပဲ အရေးတယူဆောင်ရွက်ပေးတယ်။ ၂ သန်း လိုချင်တယ်ပြောတော့ ရမယ်တဲ့။ သူတို့မှာလည်း အခက်အခဲက ဘာလဲဆိုတော့ သူတို့ရဲ့ Capacity က ထုတ်နိုင်တဲ့ Capacity က အများကြီးမရှိဘူး။ တစ်ကမ္ဘာလုံးသူတို့က ဖြန့်နေရတာ။ ဖြန့်နေရတော့ သူတို့ကလည်း မပေးနိုင်ဘူး ဖြစ်နေတာ။ ခွဲခွဲပြီး ပို့နေရတာ။ မရတော့မဟုတ်ဘူး။ ဒီလထဲမှာပဲ သူတို့ စပို့မယ်ဆိုပြီးတော့ ပြောပါတယ်။ ဘယ်လောက်ပေးနိုင်မယ်ဆိုတာကတော့ ပို့တဲ့အချိန်မှပဲစပြီး Amount ကို သူတို့က ပြောနိုင်မယ်ပြောပါတယ်။ သောင်းဂဏန်းအထက်တော့ ရှိပါလိမ့်မယ်လို့ သူတို့က ပြောပါတယ်။ ဒီလိုပဲ တရုတ်နိုင်ငံကလည်း ကျွန်တော်တို့ကို ဆေးဝါးအကူအညီတွေ၊ ကာကွယ်ဆေးတွေ အကူအညီပေးခဲ့တာရှိသလိုပဲ အခုလည်း နောက်ထပ်ပြီး ၅ သန်း ကျွန်တော်တို့အပေါ်မှာ ရောင်းချပေးတာတွေရှိတယ်။ နောက်ကျွန်တော်တို့က ပုဂ္ဂလိက ဆေးရုံတွေ၊ ကုမ္ပဏီတွေကိုလည်း ကိုဗစ် –၁၉ ဆေး ဝယ်ယူရေးနဲ့ပတ်သက်ပြီး ခွင့်ပြုပေးခဲ့တာတွေရှိပါတယ်။ ဒါကတော့ ကာကွယ်ရေးနဲ့ပတ်သက်ပြီးတော့ပါ။ ဒါလည်း လုံလောက်ပြီလားဆိုတော့ မလုံလောက်သေးပါဘူး။ မြန်မာနိုင်ငံရဲ့ လူဦးရေ ၅၅ သန်းရှိပါတယ်။ သူတို့ပြောတာတော့ ၁၈ နှစ်နဲ့ အထက်ကို ထိုးဖို့ပြောတာပေါ့လေ။ သို့သော်လည်းပဲ ၁၈ နှစ်အောက်ကလည်း လူပဲဖြစ်တယ်။ သူတို့အတွက် Effect ဖြစ်မယ်။ Save ဖြစ်မယ်ဆိုရင်လည်း ကျွန်တော်တို့က သူတို့ ထိုးနိုင်ဖို့အတွက် စီစဉ်ပေးရမှာဖြစ်တယ်။ အဲ့ဒါတော့ ဘယ်အရွယ်ထိ ထိုးနိုင်မယ်ဆိုတာတော့ ဆုံးဖြတ်လို့ မရသေးပါဘူး။ ဒါ သက်ဆိုင်ရာဆေးထုတ်လုပ်တဲ့ နိုင်ငံတွေရဲ့ ကြေညာချက်တွေအပေါ်မူတည်ပြီး ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဝယ်မယ့်ဆေးက၊ လက်ရှိဝယ်ထားတဲ့ဆေးက သိပ်များတာမဟုတ်တဲ့အတွက်ကြောင့် ပြည်တွင်းမှာလည်း မြန်မာနိုင်ငံဆေးဝါးစက်ရုံကနေပြီးတော့ ဆောင်ရွက်နိုင်တဲ့ အနေအထားမှာရှိရင် ထုတ်ဖို့ဆိုပြီး ကျွန်တော်တို့ ဆောင်ရွက်ပေးနေတာရှိပါတယ်။ ဒါလည်း ရုရှားနိုင်ငံမှာ ဆွေးနွေးရာမှာ မူအားဖြင့် သူတို့သဘောတူပြီး ဖြစ်ပါတယ်။ သူတို့ သဘောတူတယ်။ ပူးပေါင်းဆောင်ရွက်ချင်တယ်။ သူတို့ဒီမှာ လာကြည့်ပါရစေ၊ လာကြည့်ပြီးတော့ သူတို့ဘယ်လိုလုပ်မယ်ဆိုတာ ဆုံးဖြတ်မယ်ဆိုပြီးတော့ပြောပါတယ်။ ဒီလထဲမှာ သူတို့လာဖို့ရှိပါတယ်။ ကျွန်တော်ကတော့ စောနိုင်သမျှစောအောင် လာနိုင်ဖို့အတွက် ဖိတ်ထားတာရှိပါတယ်။ သူတို့တင်မဟုတ်ပါဘူး ကျန်တဲ့အခြားပူးပေါင်း ဆောင်ရွက်ရေးနယ်ပယ်တွေကလည်း အကုန်လိုက်လာကြမှာပါ။ သို့သော်လည်း မြန်မာနိုင်ငံမှာက လက်ရှိအခြေအနေမှာက ဖြစ်ပွားမှု နည်းနည်းလေးများနေတဲ့အတွက် သူ

ကျွန်တော်တို့က ဆေးရုံတွေအကုန်လုံး ပြင်နေတာတွေရှိတယ်။ စိတ်ထဲမှာ သံသယ ဖြစ်တာနဲ့ အကုန်လုံး ဆေးရုံတွေ ပြင်ခိုင်းထားတာ ရှိတယ်။ အရင်ကလည်း လုပ်ပြီးသားပါ ကျွန်တော်တို့ မဖျက်ပါဘူး။ ဒါလည်းပြန်ပြီးတော့ တပ်လှန့်နှိုးဆော်ပြီးတော့ လုပ်ခဲ့တာတွေရှိတယ်။

တို့လာနိုင်တဲ့ အခြေအနေကိုလည်း ချင့်ချိန်ဖို့တော့ ရှိပါတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ဒါတော့ ကျွန်တော်တို့က ကာကွယ်ဆေးနဲ့ပတ်သက်ပြီးတော့ ပြောခြင်းဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဝယ်ထားတဲ့ဆေးတွေလည်း ဆောလျင်စွာ မြန်မြန်ပြီးစီးအောင်ထိုးဖို့လည်း လိုပါတယ်။ လက်ထဲမှာ ဘာမှလက်ကျန်မထားပဲနဲ့ သူ Course အတိုင်း ပြည့်အောင်ထိုးဖို့လည်း လိုပါမယ်" ဟုပြောကြားသည်။

ဆက်လက်ပြီး ရောဂါကုသခြင်း အပိုင်းနှင့် ပတ်သက်၍ပြောကြားရာတွင် "နောက်တစ်ခါ ကျွန်တော်တို့ ကုသရေးအပိုင်းနဲ့ ပတ်သက်ပြီးတော့ ဆေးရုံတွေလည်း အတတ်နိုင်ဆုံး ပြီးခဲ့တဲ့လကတည်းက ကျွန်တော်တို့က ဆေးရုံတွေအကုန်လုံး ပြင်နေတာတွေ ရှိတယ်။ စိတ်ထဲမှာ သံသယဖြစ်တာနဲ့ အကုန်လုံး ဆေးရုံတွေ ပြင်ခိုင်းထားတာ ရှိတယ်။ အရင်ကလည်းလုပ်ပြီးသားပါ ကျွန်တော်တို့ မဖျက်ပါဘူး။ ဒါလည်း ပြန်ပြီးတော့ တပ်လှန့် နှိုးဆော်ပြီးတော့ လုပ်ခဲ့တာတွေရှိတယ်။ ဒါတွေဆောင်ရွက်မှု အခြေအနေတွေကိုလည်း တာဝန်ရှိတဲ့ပုဂ္ဂိုလ်များက တင်ပြပေးဖို့ ကျွန်တော်ပြောလိုပါတယ်။ နောက်တစ်ခုက ဘာလဲဆိုရင် ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပတ်သက်ပြီးတော့ လက်ရှိနိုင်ငံရေးအခြေအနေအရ တချို့နေရာတွေမှာ အခက်အခဲရှိတာကို ကျွန်တော်တို့ တွေ့ပါတယ်။ အဲဒီတော့ ဘာပဲပြောပြော ဖြန့်လို့ရတဲ့သူတွေကို ကျွန်တော်တို့က Distribution ပြန်လုပ်မှာပေါ့။ များတဲ့နေရာက နေပြီးတော့ နည်းတဲ့နေရာကို၊ မရှိတဲ့နေရာကို သွားဖို့ တစ်ခုရှိမယ်။ နောက်တစ်ခုက အဲဒီလိုမှမရဘူးဆိုရင် ကျွန်တော်တို့က ဆရာဝန်တွေကို ကန်ထရိုက်စနစ်နဲ့ ခန့်ထားဖို့လည်း စီမံပေးထားတာ၊ မှာထားတာ ရှိပါတယ်။ ဒါလည်း ဆက်လက်အကောင်အထည်ဖော်ဖို့လိုပါလိမ့်မယ်။ တပ်မတော်ကနေပြီးတော့။ ပြီးတော့ ခုနက Distribution ဆိုတဲ့နေရာမှာလည်း တပ်မတော်ဘက်က သူတွေလည်း ပါပါတယ်။ ကျွန်တော်တို့လည်း အကုန်လုံးမျှပြီးတော့ ပေးသွားမှာပါ။ အကုန်လုံးစုပြုံပြီးတော့ တပ်မတော်ဆေးရုံမှာပဲ Cover လုပ်နေလို့လည်း မရပါဘူး။ ဒါဟာ တိုင်းပြည်ရဲ့ အမျိုးသားရေးဖြစ်တယ်။ နိုင်ငံ့အရေးဖြစ်လာပြီဆိုတော့ အကုန်လုံးဖြန့်ကြက်ပြီးတော့ သွားခိုင်းမှာပါ။ အဲ့ဒီတော့ လိုအပ်တဲ့ ကျန်းမာရေးဝန်ထမ်းတွေလည်း အမြန်ဆုံး တွက်ချက်ပြီးတော့ဆောင်ရွက်ပေးဖို့ ကျွန်တော်ပြောလိုပါတယ်" ဟုပြောကြားသည်။

ထို့နောက် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကုန်ထုတ်လုပ်မှုနှင့် စက်ရုံအလုပ်ရုံများအား ရပ်ထား၍ မရကြောင်း၊ အခြားနိုင်ငံများတွင်လည်း ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်မှုများဆောင်ရွက်၍ စက်ရုံ၊ အလုပ်ရုံများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း စက်ရုံအလုပ်ရုံများအား ကိုဗစ် – ၁၉ စည်းကမ်းချက်များနှင့်အညီ Face Mask များ တပ်ဆင်ခြင်း၊ သတ်မှတ်အကွာအဝေးအတိုင်း နေထိုင်ခြင်း၊ စနစ်တကျလက်ဆေးခြင်း၊ စားသောက်ခန်းများ သတ်မှတ်ချက်များလိုက်နာ၍ စက်ရုံအလုပ်ရုံများ လည်ပတ်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း လိုအပ်သည့် ရောဂါကာကွယ်မှုများဖြင့် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ လူဦးရေသန်းပေါင်း ၇၉၀၀ ခန့်တွင် ရောဂါပိုးတွေ့ရှိသူ ၁၈၅ သန်းကူးစက်မှုခံရသဖြင့် ရာခိုင်နှုန်းအရ နည်းပါးကြောင်း၊ မိမိတို့ နိုင်ငံသည် ရောဂါကူးစက်မှုနှုန်း ရာခိုင်နှုန်း များပြားသည့်နိုင်ငံတွင် မပါရှိသေးသော်လည်း ပေါ့ဆမနေဘဲ လိုအပ်သည့် ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကိုဗစ် – ၁၉ ကာကွယ်ရေးနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့်

စည်းကမ်းချက်များအား သတိတရားရှိရှိဖြင့် တိတိကျကျ လိုက်နာမည်ဆိုပါက ကူးစက်မှုနှုန်းအား လျှော့ချနိုင်မည်ဖြစ်ကြောင်း။

ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် လိုက်နာရန်အချက်များအား ပြည်သူများ သိရှိစေရေး ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများနှင့် ပုဂ္ဂလိက ရုပ်မြင်သံကြားဌာနများ၊ ရေဒီယိုသတင်းဌာနများက ပညာပေးမှုများအမြဲမပြတ်သတိပေးဆောင်ရွက်နေရန်လိုကြောင်း၊ တစ်ဖက်က သတိပေးမှုများဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ခြင်းနှင့် ကုသခြင်းအပိုင်းများကိုဆောင်ရွက်နေရန်လိုအပ်သကဲ့သို့ နိုင်ငံ၏စီးပွားရေးမကျဆင်းအောင်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် အားလုံးတက်ညီလက်ညီ စည်းကမ်းရှိရှိဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက အောင်မြင်မည်ဟု ယုံကြည်ကြောင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာများနှင့် ပတ်သက်၍ ရောဂါကူးစက်ခံရသူများအတွက်လိုအပ်သည့် အောက်ဆီဂျင်များ လုံလောက်စွာရရှိရေး ဆောင်ရွက်နေမှုအခြေအနေ၊ Stay at Home ပြုလုပ်ထားသည့် မြို့နယ်များအပြင် အခြားမြို့နယ်များတွင်လည်း ကိုဗစ် – ၁၉ စည်းကမ်းများနှင့်အညီ စနစ်တကျသွားလာရေးအတွက် Campaign များ ပြုလုပ်ရန်ဆောင်ရွက်နေမှု၊ လုံခြုံရေးအဖွဲ့များမှ စနစ်တကျကြပ်မတ်ဆောင်ရွက်ရေးနှင့် ရောဂါကူးစက်မှုခံရသည့် လူနာများအား ဆေးရုံများတွင် လက်ခံကုသဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန်အတွက် ပြင်ပဝန်ထမ်းများအား နေ့စားအနေဖြင့် ခန့်အပ်ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ကူးစက်မှုများလျှော့ကျစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ရန်လိုအပ်မှုအခြေအနေ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် သွားလာမှုကိုလျှော့ချခြင်းနှင့် လူတိုင်း Face Mask များတပ်ဆင်ရေး ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေ၊ ကျန်းမာရေးအသိပညာပေးမှုလုပ်ငန်းများအား အများပြည်သူများသိရှိရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ လူအများစုဝေးနိုင်သည့် ဘာသာရေးဆိုင်ရာနေရာများ၊ အကျဉ်းဦးစီးဌာနများကိုလည်း နှိုးဆော်ဆောင်ရွက်သွားမည့်အခြေအနေ၊ ကာကွယ်ဆေးများထိုးနှံရာတွင်လည်း သက်ကြီးရွယ်အိုများနှင့် စက်ရုံ၊ အလုပ်ရုံများ၊ ဘဏ်များနှင့် အခြားပုဂ္ဂလိက ဝန်ထမ်းများအား ဦးစားပေးထိုးနှံဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ ကိုဗစ် – ၁၉ ကူးစက်မှုကြောင့် ဘဏ်လုပ်ငန်းများမထိခိုက်စေရေး ဘဏ်များအား ကိုဗစ် – ၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ ရောဂါကူးစက်ခံရသူများအား တပ်မတော် တပ်ရင်း/တပ်ဖွဲ့များတွင် လက်ခံထားရှိကုသနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆေးရုံများတွင် အောက်ဆီဂျင်လုံလောက်စွာ ရရှိရေးအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်ဖြန့်ဝေပေးနေမှု အခြေအနေများအား ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ဆွေးနွေးမှုများသာမက လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နေရန်လိုကြောင်း၊ ကာကွယ်ရေးသည် အဓိက အရေးအကြီးဆုံးဖြစ်သဖြင့် ဦးစားပေးဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအပိုင်းတွင် အားလုံးဝိုင်းဝန်း ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ပြောကြားရာတွင် "အဓိကကတော့ ကာကွယ်ရေးပိုင်းက အရေးအကြီးဆုံးပဲ။ ကာကွယ်ရေးမှာ မနိုင်လို့ရှိရင် ကုသရေးမှာလည်း တော်တော် Heavy ဖြစ်မယ်။ အဲဒီတော့ ကာကွယ်ရေးကတော့ အရေးကြီးဆုံးပဲ။ ကာကွယ်ရေးကို ဦးစားပေးပြီးတော့ လုပ်တာတော့ ပိုပြီးတော့ကောင်းမယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ဒါကြောင့် အများပြည်သူကနေပြီးတော့မှ လိုက်နာရမယ့် စည်းကမ်းတွေ။ တလေးတစားကို လုပ်ဖို့လိုပါ

> မြန်မာတွေက Volunteer စိတ်ရှိပါတယ်။
> သူများတိုင်းပြည်နဲ့ မတူတာက
> ကျွန်တော်တို့မှာ လူမှုရေးစိတ်ရှိတယ်။
> ကူကြ၊ ကယ်ကြမယ့်သူတွေ
> အများကြီး ရှိတယ်။
> အဲဒီတော့ ရအောင်လုပ်မယ်လို့ဆိုရင်
> ဘယ်လိုမှ မဖြစ်စရာ အကြောင်းမရှိဘူး။

တယ်။ နောက်တစ်ခုကလည်း Co–operation၊ Co–ordination ပေါ့။ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့လည်း လိုတယ်။ ဟိုလူတွေ၊ ဒီလူတွေ ခွဲလို့မရပါဘူး။ အရေးကြီးတာကတော့ လူသားတစ်ယောက်ရဲ့ကျန်းမာရေးအပေါ်မူတည်ပြီးတော့ လုပ်ကြရတာဖြစ်တယ်။ ဘယ်သူပဲ ဖြစ်ဖြစ်ပါ။ ဖြစ်လာလို့ရှိရင်တော့ အကုန်လုံး လုပ်ပေးရမယ့်သဘောရှိတယ်။ လုပ်ရမယ့်သဘော လည်းရှိတယ်။ လုပ်ပေးရမယ့်သဘောလည်း ရှိတယ်။ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကလည်း ငြင်းပယ်လို့မရပါဘူး။ နောက်တစ်ခါထုတ်လို့ရတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို။ စောစောက ဆွေးနွေးရင်းနဲ့ ကျွန်တော်ချက်ခြင်းတန်းပြောတယ်။ ကျွန်တော်တို့ဆီမှာ ဆေးတပ်ကြပ်တွေရှိတယ်။ Medical Corporal တွေ Medical Sergeant တွေရှိတယ်။ MA တွေရှိတယ်။ သူတို့လည်း သုံးလို့ရတယ်။ အနည်းဆုံးတော့ Third Grade တက်ပြီးသားတွေပဲ။ အနည်းဆုံးတော့ ဆေးထိုးပေးလို့ရတယ်ဗျာ။ ကျွန်တော်က သတိရတာနဲ့ ချက်ချင်းတန်းပြောတာ။ မေ့သွားမှာစိုးလို့ ချက်ချင်းလုပ်ပါလို့ ဒါကိုပြောလိုက်တာ။ အဲဒီတော့ အပြင်မှာလည်း ဒီလိုမျိုး သင်တန်းတက်ပြီးသားတွေ ရှိလိမ့်မယ်။ ဒါတွေလည်း ကြေညာလိုက်ပါ။ အတတ်နိုင်ဆုံး Volunteer အဖွဲ့မှာ လာကူညီကြဖို့ပေါ့။ ကျန်းမာရေးတစ်ခုနဲ့ပတ်သက်ပြီး သင်တန်းတက်ပြီး သားသူတွေက နီးစပ်ရာမြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ကျန်းမာရေးဆေးရုံတွေမှာ လာရောက်ဆက်သွယ်ပြီးတော့ ဆောင်ရွက်ပေးဖို့ နိုင်ငံတော်က ကြေညာပေးလိုက်တာကောင်းမယ်။ အဲ့ဒါဆိုရင်တော့ ပိုပြီးတော့ ထိရောက်လိမ့်မယ်။ အများကြီးရနိုင်တယ်။ မြန်မာတွေက Volunteer စိတ်ရှိပါတယ်။ သူများတိုင်းပြည်နဲ့ မတူတာက ကျွန်တော်တို့မှာ လူမှုရေးစိတ်ရှိတယ်။ ကူကြ၊ ကယ်ကြမယ့်သူတွေအများကြီး ရှိတယ်။ အဲဒီတော့ ရအောင်လုပ်မယ်လို့ဆိုရင် ဘယ်လိုမှ မဖြစ်စရာ အကြောင်းမရှိဘူး။ အဲ့ဒါကြောင့် အဓိက ကတော့ ကာကွယ်ရေးပိုင်းမှာ လုပ်ဖို့ရယ်။ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ တိုင်းသူပြည်သားတွေရဲ့ တာဝန်သိသိ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ လုပ်မယ်ဆိုရင်တော့ ကျော်လွှားနိုင်မယ်လို့ ကျွန်တော်ပြောလိုပါတယ်။ အဲ့ဒါကို အဓိကထားပြောလိုပါတယ်” ဟု ပြောကြားသည်။

ထို့နောက် ဝါဆိုလပြည့်နေ့၊ အီဒုလ်အဿွာဟာနေ့နှင့် အာဇာနည်နေ့များသည် လူအများနှင့်သက်ဆိုင်သည့်နေ့များဖြစ်ခြင်းကြောင့် လူစုလူဝေးများဖြစ်ပေါ်လာနိုင်သဖြင့် ကိုဗစ် – ၁၉ ဆိုင်ရာစည်းမျဉ်းစည်းကမ်းများအား တိကျစွာဖြင့် အလေးထားလိုက်နာရန်နှင့် လူစုလူဝေးများမပြုလုပ်ကြရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးသာမက ကုသဆေးများ လုံလုံလောက်လောက်ရှိစေရေး ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားရန်လိုကြောင်း၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ ဘဏ္ဍာငွေများသုံးစွဲရာတွင် မည်သည့်ကန့်သတ်ချက်မျှ ကန့်သတ်ထားခြင်းမရှိကြောင်း၊ ထိထိရောက်ရောက်၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်အသုံးချနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားနေသူများအတွက် အောက်ဆီဂျင်လိုအပ်မှုနှင့်ပတ်သက်၍ အမြန်ဆုံးဆောင်ရွက်လျက်ရှိပြီး Oxygen Plant များ အမြန်ဆုံးစွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးနှင့် Liquid Oxygen များ ဖြည့်တင်းနိုင်ရေး၊ ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းသုံး Oxygen Plant များကိုလည်း အသုံးပြုနိုင်ရေး လုပ်ဆောင်ထားပြီး ဥပမာအားဖြင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MEC)၏ စက်မှုလုပ်ငန်းသုံး Oxygen Plant များမှလည်း အောက်

ဆီဂျင်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကန့်သတ်စောင့်ကြည့်ရမည့်သူများကို နေရာဒေသအလိုက် ထားရှိနိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိ တပ်ရင်း၊ တပ်ဖွဲ့များကို ပြင်ဆင်ခိုင်းထားကြောင်း၊ မိမိတို့နိုင်ငံ၌ တပ်ရင်း၊ တပ်ဖွဲ့များသည် မြို့နှင့်ဒေသအများစု၌ရှိသောကြောင့် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရှိပြီးဖြစ်သည့် လူနာတင်ယာဉ်များကို အမှန်တကယ်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားသကဲ့သို့ အရေးပေါ်လူနာများရွှေ့ထုတ်ရေး၊ အချိန်မီသယ်ဆောင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သည့်နေရာများ၌ တပ်မတော်မှလေယာဉ်ရဟတ်ယာဉ်များအသုံးပြု၍ ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိပြောခဲ့သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကာကွယ်ဆေးများ မကြာမီရက်ပိုင်းအတွင်း ရောက်ရှိလာမည်ဖြစ်သဖြင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး၏ သတင်းအခြေအနေမှန်အား ဦးစီးအဖွဲ့မှအချိန်နှင့်တစ်ပြေးညီ သိရှိနေမှသာကြိုတင်ပြင်ဆင်၍ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

( ၁၂ – ၇ – ၂၀၂၁ )




ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၁၂ ရက်၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးဝင်းရှိန်၊ ဦးကိုကိုလှိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံလူဦးရေ၏ သုည ဒသမ ၃၅ ရာခိုင်နှုန်းရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတွင် ရောဂါဖြစ်ပွားမှုအနေဖြင့် ဖြစ်ပွားသည့်အချိန်မှ ယနေ့အထိ ၁၉၂၂၁၃ ဦး ရှိပြီဖြစ်သဖြင့် မိမိတို့နိုင်ငံလူဦးရေ၏ သုည ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း၊ အာဆီယံနိုင်ငံများထဲတွင် နံပါတ် ၅ နေရာသို့ ရောက်ရှိနေကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင်လည်း ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်ရောဂါကူးစက်မှုအား ထိန်းချုပ်နိုင်ရန်အတွက် မြေပြင်တွင် လက်ရှိဖြစ်ပျက်နေမှုများကို အမှန်အတိုင်းသိရှိရန် လိုကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ရောဂါကူးစက်မှုနှင့် ပတ်သက်၍ သံသယရှိလာပါက မိမိတို့အိမ်တွင် ဆေးမီးတိုဖြင့်ကြိတ်၍ကုသခြင်းများ ဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာမြို့နယ်များအလိုက် ဖွင့်လှစ်ထားသည့် ဒေသန္တရ ကျန်းမာရေးဌာနများသို့ သွားရောက်အစစ်ဆေးခံရန်လိုအပ်ကြောင်း၊ ဆေးရုံသို့ တိုက်ရိုက် ချက်ချင်းသွားရောက်ရန် မလိုအပ်သေးဘဲ သက်ဆိုင်ရာ ဒေသန္တရ ကျန်းမာရေးအရာရှိမှ စစ်ဆေးပြီးလိုအပ်ချက်ရှိပါက ဆေးရုံသို့လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ဒေသန္တရ ကျန်းမာရေးဌာနများ၏ စစ်ဆေးမှုများသည်လည်း ထိရောက်မှုရှိကြောင်း၊ ပြည်သူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် သတင်းပို့ဆက်သွယ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရောဂါကူးစက်မှုခံရသူများအနေဖြင့် သတ်မှတ်ထားသည့် ကျန်းမာရေးနှင့်

လျော်ညီသည့် နေရာတစ်ခုတွင် သီးသန့်နေထိုင်ရန်လို အပ်ကြောင်း၊ အားလုံးကျန်းမာရေးအသိဖြင့် ဆောင်ရွက် ရန်လိုအပ်ကြောင်း၊ ရောဂါဖြစ်ပွားမှုအခြေအနေမှန်များ အား မှန်မှန်ကန်ကန် တိတိကျကျဖြင့်သိရှိမှသာ ဖွဲ့စည်း ထားသည့် ကော်မတီများအနေဖြင့် အကျိုးရှိရှိ ထိထိ ရောက်ရောက်ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်၏ကျန်းမာရေးဆိုင်ရာ ကာကွယ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်မှုအပေါ် အထောက်အကူပေး သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ ဖြစ်စဉ်များအား အမှန်အတိုင်း ပြည်သူများမှပြောရန်လိုပြီး စစ်ဆေးသည့် အဖွဲ့အစည်းများအနေဖြင့်လည်း လိုအပ်သည်များအား စီမံဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

**သတင်းမှားများ ဖော်ပြနေမှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က အောက်ဆီဂျင်လိုအပ်ချက်များအပေါ် ပြည်သူလူထု အထိတ်တလန့် ဖြစ်စေရန် သတင်းမှားများ ဖော်ပြနေမှု များနှင့်ပတ်သက်၍ ပြောကြားရာတွင် “နောက်တစ်ခါ Oxygen နဲ့ပတ်သက်ပြီး လူတွေတော်တော်များများ ပြော ကြတယ်။ ဒီရက်ပိုင်းအတွင်းမှာ Oxygen နဲ့ ပတ်သက် ပြီး။ တစ်ကယ်တော့ Oxygen က လက်ရှိအနေအထား မှာ လုံလုံလောက်လောက် ရှိပါတယ်။ လူတွေက ကြောက်လန့်ပြီးတော့ စိုးရိမ်ပြီးတော့ အချို့ကလည်း ဝယ်ထားတာရှိတယ်။ အချို့ကလည်း မသမာတဲ့နည်းနဲ့ လုပ်ဖို့ကြိုးစားနေတာလည်း ရှိတယ်။ ဒီအပေါ်မှာ နိုင်ငံရေးအရ အမြတ်ထုတ်ဖို့ ဆောင်ရွက်လိုတဲ့လူတွေ လည်း ရှိတယ်။ Oxygen အိုးတွေကိုဝယ်ပြီးတော့ ဖမ်း ထိန်းတယ်။ Oxygen ပြတ်သွားပြီ။ အဲဒီမှာ Rumour တွေထွက်ကုန်တယ်။ ပြီးခဲ့တဲ့ တစ်ရက်နှစ်ရက်ကပဲ ပြင်ဦးလွင်မှာရှိတဲ့ Oxygen Plant ပျက်သွားတယ်ဆိုပြီး တော့ ဖြစ်လာတယ်။ ကျွန်တော်က တာဝန်ရှိတဲ့သူတွေ မေးတဲ့အခါကျတော့ နေ့လယ် ၁၂ နာရီအထိ အကောင်း ပါပဲတဲ့ ဘာမှမဖြစ်ပါဘူးလို့ပြောတယ်။ ကျွန်တော်မေး ကြည့်တယ်။ အဲဒီစက်ရုံကို Check လုပ်ခိုင်းကြည့်တော့။ နောက်ဆုံးရတဲ့ Information ပေါ့။ အဲ့ဒီအချိန်မှာထိ ဘာ မှမဖြစ်ဘူးလို့ပြောတယ်။ ဆိုလိုတာကတော့။ Rumour တွေ ထုတ်ပြီးတော့မှ လူတွေ အထိတ်တလန့်ဖြစ်ပြီးတော့ လုပ်တာပေါ့။ လူတွေက ဘာလဲဆိုတော့ ပွဲလန့်တုန်း ဖျာခင်းတာ။ အနှောင့်အယှက်မျိုးစုံ ပေးကြတာ။ ဒါကို လည်း ပြည်သူလူထုကလည်း သတိရှိရှိနဲ့ဆင်ခြင်ပြီး တော့ ဆောင်ရွက်ကြဖို့ ကျွန်တော် ပြောလိုပါတယ်။ နောက် Oxygen စက်ရုံနဲ့ပတ်သက်ရင်လည်း ပြီးခဲ့တဲ့ အပတ်က သောကြာနေ့က ကျွန်တော်တို့ ဆွေးနွေးပြီးတဲ့ နောက်မှာ Oxygen Plant တစ်ခုကို ကျွန်တော်တို့ကို လွှဲပြောင်းပေးဖို့အတွက် အလှူရှင်တစ်ယောက်ကနေ ပြီးတော့မှ ဆွေးနွေးလာတာရှိတယ်။ ကျွန်တော် လက်ခံ လိုက်တယ်။ အခု ကျွန်တော်တို့ စလုပ်နေပြီ။ တစ်လ အတွင်းမှာ ဒီစက်ရုံပြီးပါမယ်။ Production ပြီးတဲ့အထိ ကို လုပ်နိုင်အောင် ကြိုးစားနေပါတယ်။ လောလော ဆယ် Foundation တော့ပြီးသွားပြီ။ သို့သော်လည်းပဲ နောက် တစ်ဆင့်တက်ရမယ့် လုပ်ငန်းစဉ်ရှိတယ်။ အဲ့ဒါ နှစ်ပတ် လောက်ကြာမယ်။ သူက Weight ကလည်းများတယ်။ ပြီးရင် အဲ့ဒါကိုလာပြီး ဆင်မှာနဲ့ ပြုမှာနဲ့။ နောက် စက်ရုံ ပြန်ပြီးတော့လည်ပတ်မယ်ဆိုတစ်လလောက်ဆိုရင် ဒီစက်ရုံ ကို ကျွန်တော်တို့ လည်နိုင်ပြီ။ သူသည် တစ်နေ့ကို အလုံး ပေါင်း ၁၄၄၀ ထုတ်နိုင်မယ်။ ဒါ ရန်ကုန်မှာ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ပြောချင်တာကတော့၊ ဒါနဲ့ပတ်သက် ပြီး စိုးရိမ်ပူပန်မှုတော့ သိပ်မဖြစ်စေဖို့ရယ်။ မလိုအပ်တဲ့ ကောလာဟလတွေ ဖြန့်ချိပြီးတော့ ဆောင်ရွက်တာမျိုး မလုပ်ကြဖို့ရယ်။ ပြည်သူတွေကလည်း ဒါလေးပူးပေါင်း ဆောင်ရွက်ပေးဖို့ကိုလည်း ကျွန်တော်ပြောလိုပါတယ်။ အဓိက ကတော့ ဒီအပေါ်မှာ နိုင်ငံရေးအရ အမြတ်ထုတ် ချင်တဲ့ လုပ်ရပ်တွေမလုပ်ဖို့ လိုတယ်ဆိုတာလေးလည်း ကျွန်တော်ပြောလိုပါတယ်။ ဒါက လူမှုရေးကိစ္စပါ။ ကျန်းမာရေးကိစ္စ။ လူ့အသက်ကိစ္စ။ ဒါနိုင်ငံရေးကိစ္စ မဟုတ်ဘူး။ ကျန်းမာရေးကိစ္စ။ လူ့အသက်ကိစ္စ။ ဒီအပေါ် မှာ လာပြီးတော့မှ ဒုက္ခရောက်အောင် မလုပ်ဖို့လိုတယ်။ ဒါလုပ်တယ်ဆိုရင်တော့ တော်တော်ကို မိုက်မဲရာကျတဲ့ လုပ်ရပ်ပဲလို့ ကျွန်တော်ပြောလိုတယ်” ဟု ပြောကြား သည်။

**ကာကွယ်ဆေး နှစ်သန်း မကြာမီရောက်ရှိမည်**

ယင်းနောက် မိမိတို့နိုင်ငံ၏ ရောဂါကာကွယ်ထိန်းချုပ် ကုသမှုများ ပိုမိုအောင်မြင်စေရန်အတွက် တရုတ်နိုင်ငံမှ လှူဒါန်းသည့် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး ၂ သန်း သည်လည်း မကြာမီကာလအတွင်း ရောက်ရှိမည်

> ပြည်သူလူထု၏ပူးပေါင်းဆောင်ရွက်မှုများနှင့် တာဝန်ရှိအဖွဲ့အစည်းများက ထိထိရောက်ရောက် ပေါင်းစပ်ဆောင်ရွက်သွားမည်ဆိုပါက ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုနှုန်းအား အတတ်နိုင်ဆုံး အနေအထားတစ်ခုအထိ ထိန်းနိုင်မည်ဟု ယုံကြည်၊ ကိုဗစ် – ၁၉ ရောဂါသည် လုံးဝအရှင်းမပျောက်ကင်းနိုင်သည့် ရောဂါမျိုးဖြစ်သည်ဟု ယူဆရသည့်အတွက် ကာကွယ်ဆေးများ အမြဲမပြတ် လိုအပ်နေမည်။

ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများသို့ လှူဒါန်းခြင်းနှင့်ရောင်းချခြင်းများ ပြုလုပ်လျက်ရှိသည်ကို သတင်းများအရ သိရှိရကြောင်း၊ မိမိတို့နိုင်ငံကိုလည်း အိမ်နီးနားချင်းနိုင်ငံတစ်ခုအနေဖြင့် ကူညီဆောင်ရွက်ပေးမှုများရှိပြီး နှစ်နိုင်ငံနယ်စပ်ဒေသများတွင် အထူးသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ကူညီဆောင်ရွက်ပေးနေမှုများရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များအား မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ မဖြစ်မနေလိုအပ်ချက်များရှိမှသာ အပြင်သို့သွားလာခြင်းများဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအား ဆက်လက်လည်ပတ်ရန် ခွင့်ပြုပေးထားပြီး အဆိုပါလုပ်ငန်းများအနေဖြင့်လည်း ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်ပြီး ညွှန်ကြားထားသည့် ညွှန်ကြားချက်များအား တိကျစွာလိုက်နာ ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများတွင်လည်း ကြိုတင်ကာကွယ်မှုများဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသမှုများဆောင်ရွက်နိုင်ရေး ၁၂၇၈ နေရာတွင် လူဦးရေ ၃၈၉၇၂ ဦးလက်ခံနိုင်ရေးပြင်ဆင်ထားရှိပြီး အရပ်ဘက်အနေဖြင့် ၁၄၅၃ နေရာတွင် လူဦးရေ ၇၁၄၇၅ ဦး လက်ခံနိုင်ရေးပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများအား စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်ဖြစ်ပြီး အဓိကအားဖြင့် ပြည်သူလူထု၏ပူးပေါင်းဆောင်ရွက်မှုများနှင့် တာဝန်ရှိအဖွဲ့အစည်းများက ထိထိရောက်ရောက် ပေါင်းစပ်ဆောင်ရွက်သွားမည်ဆိုပါက ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနှုန်းအား အတတ်နိုင်ဆုံးအနေအထားတစ်ခုအထိ ထိန်းနိုင်မည်ဟု ယုံကြည်ကြောင်း၊ ကိုဗစ် – ၁၉ ရောဂါသည် လုံးဝအရှင်း မပျောက်ကင်းနိုင်သည့် ရောဂါမျိုးဖြစ်သည်ဟု ယူဆရသည့်အတွက် ကာကွယ်ဆေးများ အမြဲမပြတ် လိုအပ်နေမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံအတွင်း ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးသုတေသနတပ်ဖွဲ့များ အားလုံးပူးပေါင်းဆောင်ရွက်ရန်နှင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးသည် အမျိုးသားရေးဖြစ်သဖြင့် ပုဂ္ဂလိက ကဏ္ဍများကပါ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်အတွက်များစွာ အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် အခမ်းအနားတက်ရောက်လာကြသူများက COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာ ရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများလိုအပ်ချက်ရှိမှု၊ အောက်ဆီဂျင်များအား မသမာသည့် ရည်ရွယ်ချက်များဖြင့် ဝယ်ယူစုဆောင်းခြင်းများကြောင့် အမှန်တကယ်လိုအပ်သည့် ပြည်သူများအတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိမှု၊ လိုအပ်သည့် အောက်ဆီဂျင်များအား တပ်မတော်စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံများမှ နေ့စဉ်ထုတ်လုပ်၍ ဆေးရုံများသို့ နေ့စဉ်ဖြန့်ဝေပေးနေမှုနှင့် အောက်ဆီဂျင်များ လုံလောက်စွာရရှိရေး စီမံဆောင်ရွက်နေမှု၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပုဂ္ဂလိကဆေးရုံများတွင် ကုသနိုင်ရေး ခွင့်ပြုပေးမှု၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးများ ရောက်ရှိသည့်အချိန်တွင် ပြည်သူများအမြန်ဆုံး ထိုးနှံနိုင်ရေး

ကြိုတင်ပြင်ဆင်ထားရှိမှု၊ စီးပွားရေးနှင့် သက်ဆိုင်မှုမရှိသည့် ရောဂါကာကွယ်ရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းမှုအပေါ် အကောက်အခွန်ကင်းလွတ်ခွင့်ပေးထားမှု၊ ဝေးလံခေါင်ဖျားသည့် ဒေသများအတွက် လိုအပ်သည့် အောက်ဆီဂျင်စက်များနှင့် ကိုဗစ် – ၁၉ ရောဂါစစ်ဆေးသည့် စက်များလုံလောက်စွာရရှိရေး ဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပုဂ္ဂလိကစက်ရုံများမှ အောက်ဆီဂျင်များအား ထိုက်သင့်သည့်ဈေးဖြင့် ရရှိရန်လိုကြောင်း၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ပစ္စည်းများအား ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်အရည်အသွေးပြည့်မီစေရန်နှင့် ပြည်သူများအနေဖြင့် ထိုက်သင့်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ လိုအပ်လျက်ရှိသည့် ဝေးလံခေါင်ဖျားသည့် ဒေသများသို့ တပ်မတော်သားဆရာဝန်များ စေလွှတ်ပေးသွားမည်ဖြစ်ပြီး လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြု စက်ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အမြန်ဆုံးပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများစိုးရိမ်စိတ်များဖြစ်ပေါ်စေရန် သတင်းမှားများဖြင့် လုပ်ဆောင်မှုများရှိသောကြောင့် ပြည်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများအား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြည့်စွက်ဆွေးနွေးသည်။

**ချက်ချင်းအရေးယူဆောင်ရွက်ရန်လို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒေသအလိုက်လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီသိရှိရန်လိုအပ်ပြီး ချက်ချင်းအရေးယူဆောင်ရွက်ရန်လိုကြောင်း၊ တစ်နိုင်ငံလုံးရှိအောက်ဆီဂျင်စက်ရုံများ၊ တပ်မတော်ဆေးရုံများ၊ အရပ်ဘက်ဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများရှိ အောက်ဆီဂျင်ထုတ်လုပ်မှုအခြေအနေများအား သိရှိအောင် ဆောင်ရွက်ထားရန်လိုအပ်ပြီး လိုအပ်ချက်များရှိသည့် နေရာများသို့ အမြန်ဆုံးပို့ဆောင်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လူနေမှုထူထပ်သည့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ကူးစက်မှုများအား မျက်ခြည်မပြတ်ကြည့်ရှု၍ အမြန်ဆုံး ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ Community COVID Positive Centre များထားရှိခြင်းသည် အကျိုးရှိသည့်ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ အဆိုပါနေရာများတွင် တာဝန်ထမ်းဆောင်ကြသည့် စေတနာ့ဝန်ထမ်းများအတွက်လည်း ကျွေးမွေးမှုလုပ်ငန်းများနှင့် ထောက်ပံ့ငွေများပေးအပ်နိုင်ရေးစီစဉ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက်လှူဒါန်းလိုသည့် အလှူရှင်များထံမှ အလှူငွေများ၊ ကျန်းမာရေးဆိုင်ရာ ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လက်ခံနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပတွင်ရောက်ရှိနေသည့် မိမိတို့နိုင်ငံသားများအား ပြန်လည်ခေါ်ယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကအားဖြင့် အိမ်နီးနားချင်း နိုင်ငံများတွင် ရောက်ရှိနေသူများအား ပြန်လည်ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ရောက်ရှိသူများအား ကိုဗစ် – ၁၉ စည်းကမ်းချက်များနှင့်အညီ တိတိကျကျဆောင်ရွက်ရန်လိုကြောင်း၊ ဝေးလံသည့်နိုင်ငံများတွင် ရောက်ရှိနေသူများကိုလည်း ပြန်လည်ခေါ်ယူရန်လိုကြောင်း၊ မိမိတို့နိုင်ငံသားများ မိမိတို့နိုင်ငံအတွင်းနေထိုင်ခြင်းသည်သာ အကောင်းဆုံး ဖြစ်ကြောင်း ပြောကြားသည်။

**ဖြတ်သန်းခွင့်ပေးဖို့လို**

ထို့နောက် ညမထွက်ရသတ်မှတ်ထားသည့် နယ်မြေဒေသများတွင် ကျန်းမာရေးကိစ္စနှင့်ပတ်သက်ပြီး အချိန်မီဆောင်ရွက်ပေးနိုင်ရေးအတွက် ပြောကြားရာတွင် “နောက်တစ်ခုက စောစောက တွဲဖက်အတွင်းရေးမှူးဆွေးနွေးသွားတဲ့ ညမထွက်ရမြို့တွေက အရေးပေါ်သွားလာမှုနဲ့ ပတ်သက်ပြီး တစ်ချက်ပါလာတာရှိတယ်။ အဲ့ဒါလည်း မှန်တယ်။ ညမထွက်ရမြို့တွေကျတော့လည်း လုံခြုံရေးအဖွဲ့အစည်းတွေက ဟိုတားဒီတား တားမှာလည်း ကြောက်ရတယ်။ နောက်တစ်ခုကလည်း ဒီအပေါ်မှာ မဟုတ်ကဟုတ်က အမြတ်ထုတ်ပြီး မဟုတ်တာလုပ်မှာလည်း ကြောက်ရတယ်။ နှစ်ဖက်ချိန်ရတာပေါ့။ အဲဒီတော့ ဒါကိုလည်း ကျွန်တော်တို့က အရေးပေါ်လူနာ သွားလာရေးနဲ့ ပတ်သက်ပြီးတော့ အတားအဆီးမရှိသွားလို့ရအောင် လုပ်ရမယ်။ ဆေးရုံတွေ သွားနိုင်ဖို့အတွက်။ ဥပမာအားဖြင့် သူသည် မြို့နယ်မှာပဲသွားတာလည်းဖြစ်မယ်။ တခြားမြို့နယ်ကျော်သွားတာလည်း ရှိရင်ရှိမယ်။ အဲဒါကိုတော့

စိစစ်ပြီးတော့ တစ်ခါတည်းစိစစ်။ တစ်ခါတည်း ခွင့်ပြုဖို့လိုမယ်။ ဖြတ်သန်းခွင့်ပေးဖို့လိုမယ်။ တချို့နေရာမှာလည်း Check လုပ်တာတော့ ရှိရင်ရှိမှာပေါ့။ Check လုပ်တာနှစ်မိနစ်လောက်ရှိရင် ရှိမှာပေါ့။ စက္ကန့် ၃ဝ လောက်ကြာရင် ကြာမှာပေါ့။ လူနာပြ။ ဟုတ်ပြီ။ ဆရာဝန်ပါလား။ ဒါမှမဟုတ် ကျန်းမာရေးဝန်ထမ်းပါလား။ ဟုတ်ပါတယ်ဆိုချက်ခြင်းလွှတ်လိုက်ပေါ့။ ပြီးတာပါပဲ။ လုံခြုံရေးအဖွဲ့အစည်းအချင်းချင်း Contact ရှိဖို့လိုတယ်။ အဲဒီလိုလည်းလုပ်လို့ရရင်လည်း ညမထွက်ရဖြစ်လာတဲ့ ကိစ္စရပ်တွေမှာလည်း ကျော်လွှားလို့ရတယ် ဆိုတာလေး ကျွန်တော်ပြောလိုပါတယ်” ဟု ပြောကြားသည်။

**မီဒီယာတွေ မှန်မှန်ကန်ကန်ရေးဖို့လို**

ဆက်လက်ပြီး မီဒီယာများအနေဖြင့် အများပြည်သူအကျိုးရှိစေမည့် သတင်းများ နှင့် မှန်မှန်ကန်ကန် ဖော်ပြရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ “နောက်တစ်ခါတော့ မီဒီယာများကိစ္စပါ။ ဒါ ခုနက ဆွေးနွေးတဲ့ထဲမှာ ပါတာပေါ့။ မီဒီယာတွေကတော့ တကယ်လည်းအဖျက်အမှောင့် လုပ်ငန်းနဲ့၊ နိုင်ငံရေးအရပြောရင် တခြားကိစ္စနဲ့ ပြောရင်ပြောပေါ့။ ဒီ Covid နဲ့ ပတ်သက်ပြီးတော့။ ဒါ အများပြည်သူနဲ့ဆိုင်တဲ့ကိစ္စဖြစ်တယ်။ အစိုးရ ထိခိုက်တဲ့ ကိစ္စမဟုတ်ဘူး။ အများပြည်သူထိခိုက်တဲ့ ကိစ္စဖြစ်တယ်။ မီဒီယာတွေကတော့ မှန်မှန်ကန်ကန်ရေးပေးဖို့။ ထုတ်ပြန်ဖို့လိုတယ်။ မီဒီယာတွေကနေပြီးတော့ ရေးသားတာလည်း မှန်မှန်ကန်ကန် ဖြစ်ဖို့လိုတယ်။ အပြုသဘောနဲ့ရေးတာတော့ ကျွန်တော်တို့ ဘာမှလက်မခံနိုင်စရာအကြောင်းမရှိပါဘူး။ သို့သော် အချို့က အဖျက်သဘောနဲ့ လုပ်တာတွေ ရေးတာတွေ တွေ့တယ်။ ဒါတော်တော်ကြီးကို ဒီရက်ပိုင်းအတွင်းမှာ များလာတာတွေ့တယ်။ ဘယ်သူသေသေ၊ ငတေမာရင်ပြီးရောဆိုတဲ့ ဟာမျိုးပေါ့။ ဒီလိုမျိုးစိတ်နဲ့ လုပ်တာကတော့ တော်တော်လေးကိုအင်မတန်ကို တော်တော်ဆိုးရွားပါတယ်။ ကျွန်တော်တို့လူမျိုးတွေက ဗုဒ္ဓဘာသာအများစုကိုးကွယ်တဲ့သူတွေပါ။ ဘယ်ဘာသာမှလည်း လက်မခံဘူး ဒီဟာကို။ သူများဒုက္ခရောက်မယ့်ကိစ္စမျိုးကို ဘယ်ဘာသာမှလည်း လက်မခံဘူး။ အထူးသဖြင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာ။ ဒါနဲ့ပတ်သက်ပြီး ပိုပြီးအလေးထားတဲ့နေရာ၊ နိုင်ငံဖြစ်ပါတယ်။ လူမှုရေးစိတ်ဓာတ်နဲ့ ပတ်သက်ရင်လည်း ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ပိုပြီးတော့မှ အလှူ အတန်းလည်းစိတ်ရှိကြတယ်။ Volunteer စိတ်လည်း ရှိကြတယ်။ ဒီလိုနေရာမျိုးမှာ ဒီလိုစိတ်ဓာတ်တွေကို ပျက်ပြားအောင်လုပ်တာမျိုးကတော့ ဒါ မဖြစ်သင့်ဘူး။ အသိတရားနဲ့ရော၊ သတိတရားနဲ့ရော၊ အားလုံးကနေ လုပ်ဖို့လိုမယ်လို့ကျွန်တော်ပြောလိုပါတယ်” ဟု ပြောကြားသည်။

ယင်းနောက် မိမိတို့အနေဖြင့် လက်ဝယ်တွင်ရှိသည့် စွမ်းအားစုများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ထိထိရောက်ရောက်အသုံးချ ဆောင်ရွက်ရန်လိုကြောင်း၊ အောက်ဆီဂျင်များလုံလောက်စွာရရှိအောင် ဆောင်ရွက်ခြင်း၊ ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ လုံလောက်စွာရရှိအောင် ထုတ်လုပ်ခြင်းနှင့် ပြည်ပမှတင်သွင်းခြင်းများအား မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ရရှိအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများအား မှန်မှန်ကန်ကန်ဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက်အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်လိုပြီး ကျန်းမာရေးဝန်ကြီးဌာန၏ လိုအပ်ချက်များအား အားလုံးဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း မှာကြားသည်။

■ ■ ■

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

( ၁၈ – ၇ – ၂၀၂၁ )





ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ပြီး ကုသရေး လုပ်ငန်းသည် အများနှင့်ဆိုင်သည့် ကိစ္စရပ်ဖြစ်သဖြင့် ကျန်းမာရေးဝန်ထမ်းများသာမက ပြင်ပမှ ကျွမ်းကျင်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် အနီးကပ်ဆုံး၊ လက်တွေ့အကျဆုံးတာဝန်ယူ ဆောင်ရွက်နေကြရသူများဖြစ်သဖြင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ အားပေးမှုများနှင့် စောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇူလိုင်လ ၁၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)၊ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်ခိုင်ဝင်း၊ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး နှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**တတိယလှိုင်းတွင် ဖြစ်ပွားမှုနှုန်းများပြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုသည် ပထမလှိုင်းနှင့် ဒုတိယလှိုင်းဖြစ်ပေါ်ခဲ့စဉ် မသိသာခဲ့သော်လည်း လက်ရှိတတိယလှိုင်းတွင် ဖြစ်ပွားမှုနှုန်းများပြားမြန်ဆန်လာသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအနေဖြင့် လူဦးရေသန်း ၁၉၀ ကျော်ရှိပြီဖြစ်ပြီး မိမိတို့နိုင်ငံတွင် ဇူလိုင်လ ၁၇ ရက်နေ့အထိ ၂၂၄၂၃၆ ဦးရှိပြီဖြစ်ကြောင်း၊ ကိုဗစ်–၁၉ တတိယလှိုင်းသည် မိမိတို့နိုင်ငံ၌ ဇွန်လမှ စတင်ဖြစ်ပွားလာခဲ့ပြီး ဇူလိုင်လ ၁ ရက်မှစ၍ ကူးစက်ဖြစ်ပွားမှုနှုန်း မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်းနှင့် တတိယလှိုင်းတို့၏ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းများကို သုတေသနပြု နှိုင်းယှဉ်ရာတွင် များစွာကွာခြားမှုရှိပြီး တတိယလှိုင်းတွင် ကူးစက်ဖြစ်ပွားမှုနှုန်းများသည်ကို ဆတိုးဖြင့် ကူးစက်ပြန့်ပွားလျက်ရှိသည်ကို တွေ့ရှိရကြောင်း။

## ကန့်သတ်ချက်မထားရှိဘဲ ခွင့်ပြုပေးထား

ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ၁ ဒသမ ၆ သန်းကျော်ကို ကာကွယ်ဆေးထိုးနှံပြီးဖြစ်ပြီး ဒုတိယအကြိမ်ထိုးနှံမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအားလုံးကိုရာနှုန်းပြည့် ထိုးနှံနိုင်ရေးအတွက် ကာကွယ်ဆေးများကို လှူဒါန်းရရှိမှုများ၊ မှာယူမှုများဖြင့် အဆက်မပြတ်တင်သွင်းလျက်ရှိပြီး ဇူလိုင် ၂၂ ရက်တွင် တရုတ်နိုင်ငံမှ ကာကွယ်ဆေး ၇ သိန်းခွဲ ထပ်မံရောက်ရှိမည်ဖြစ်ကြောင်းနှင့် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင်လည်း ဆက်တိုက်ရောက်ရှိလာမည် ဖြစ်ကြောင်း၊ ဩဂုတ်လပထမအပတ်အတွင်း၌လည်း ကာကွယ်ဆေးများ ဆက်လက်ရောက်ရှိလာမည်ဖြစ်သဖြင့် ယခုနှစ်အတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများကိုလည်း ဆေးဝါးတင်သွင်းမှုနှင့် ပတ်သက်၍ ကန့်သတ်ချက်မထားရှိပဲ ခွင့်ပြုပေးထားကြောင်း။

## ကူးစက်မှုလျော့ကျနိုင်ရေးကိုအဓိကထား

အောက်ဆီဂျင်နှင့် ပတ်သက်၍ လူအများစိတ်ဝင်စားလျက်ရှိပြီး အောက်ဆီဂျင်ပေး၍ ကုသသည်ဆိုသော်လည်း လိုအပ်သည့်သူများကိုသာ အောက်ဆီဂျင်ပေးကုသရသည်ဖြစ်ကြောင်း၊ သို့သော်လည်း ပြည်သူလူထုအနေဖြင့် ကောလာဟလ သတင်းများကြောင့် စိုးရိမ်ပူပန်ပြီး အောက်ဆီဂျင်များကို ဝယ်ယူသိုလှောင်ခြင်း၊ တစ်ဆင့်ခံရောင်းချခြင်းများ လုပ်ဆောင်နေကြသည်ကို တွေ့ရှိရကြောင်း၊ အောက်ဆီဂျင်ကို ဆေးရုံများနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၏ အကြံပြုချက်များဖြင့် အသုံးပြုခြင်းသာ အကောင်းဆုံးဖြစ်မည် ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ စက်ရုံ၊ အလုပ်ရုံများရှိ Oxygen Plant များမှ အောက်ဆီဂျင်များ ထုတ်လုပ်ပေးလျက်ရှိသည့်အပြင် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှလည်း Liquid အောက်ဆီဂျင်နှင့် အောက်ဆီဂျင်အိုးများကို နယ်စပ်ကုန်သွယ်ရေး စခန်းများမှတဆင့် တင်သွင်းပေးလျက်ရှိကြောင်း၊ တတိယလှိုင်းတွင် မိမိတို့သာမက အိမ်နီးချင်းနိုင်ငံများ၌လည်း အလားတူ အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိကာ ကူးစက်မှုလျော့ကျနိုင်ရေးကို အဓိကထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ သုတေသနပြုထားသည်များကို လေ့လာမှုများနှင့် Mobility Pattern အရ လူစုလူဝေးပြုလုပ်မှု၊ လူအများစုရုံးနေမှုများ လျော့နည်းလာသည်ကို လက်တွေ့တွေ့မြင်ရပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုမှာ မြင့်တက်လာသည်ကို တွေ့ရှိရကာ သတ်မှတ်ထားသည့် စည်းကမ်းများကို အလေးထားလိုက်နာလျက်ရှိသည့်အတွက် ပြည်သူလူထုကို ကျေးဇူးတင်ရှိပါကြောင်း၊ ထုတ်ပြန်ထားရှိသည့် သွားလာနေထိုင်မှု အခြေခံစည်းကမ်းများကို တစ်ဦးချင်းတာဝန်သိစွာဖြင့် လိုက်နာဆောင်ရွက်ပြီး အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိန်းသိမ်းကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းမြင့်တက်လျက်ရှိသော်လည်း ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်စေရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အခက်အခဲမရှိစေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ လေကြောင်း၊ ရထားလမ်း၊ ကားလမ်းများကို ဖွင့်လှစ်ပေးထားလျက်ရှိပြီး ပို့ဆောင်ဆက်သွယ်ရေး တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာတို့နှင့်ပတ်သက်၍လည်း စောင့်ရှောက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ရောက်ရှိလာမည့် ရောဂါကာကွယ်ဆေးများကို အများနှင့်ထိတွေ့ဆက်ဆံနေရသော ပို့ဆောင်ဆက်သွယ်ရေး တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးသွားနိုင်ရေး စီစဉ်ရန်လိုကြောင်း။

## စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပ

မကြာမီရက်သတ္တပတ်အတွင်း ကျရောက်မည့် အာဇာနည်နေ့၊ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် အီဒုလ်အသွဟာ(ကုရ်ဘာနီအီးဒ်)နေ့ အခမ်းအနားများသည် မဖြစ်မနေ ကျင်းပပြုလုပ်ရန်လိုအပ်သည့် အခမ်းအနားများဖြစ်သော်လည်း ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု တစ်စုံတစ်ရာမရှိစေရေးအတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

## ပူးပေါင်းဆောင်ရွက်ပေးကြ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါကာကွယ်ရာတွင် ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ ပြောကြားရာတွင် "ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်လို့ ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရန် လိုပါတယ်။ အဓိကဘာလဲဆိုတော့ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုက ပိုပြီး အရေးကြီးပါတယ်။ ဒီရောဂါက ဘယ်လိုမှ တားဆီးလို့ရတာလဲ မဟုတ်ပါဘူး။ မြင်လည်း မမြင်ရဘူး၊ ကြားလည်းမကြားရဘူး၊ အနံ့လည်းမရဘူး၊ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့အနေနဲ့ အားလုံးက ပူးပေါင်းဆောင်ရွက်မှု ပိုအရေးကြီးတယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။ အဓိကက ကုသရေးပိုင်းဆိုင်ရာမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့ကိစ္စ၊ ဝန်ထမ်းတွေမှာလည်း နိုင်ငံ့ဝန်ထမ်းတွေရှိသလိုပဲ၊ နောက်တစ်ခါ အပြင်မှာရှိနေတဲ့ ကျွမ်းကျင်တဲ့လူတွေ ရှိပါတယ်။ ဆေးဘက်ပညာရှင်တွေရှိပါတယ်။ အများနဲ့ပတ်သက်တဲ့ကိစ္စ ဖြစ်လို့ အားလုံးပူးပေါင်းဆောင်ရွက်ပေးရန် လိုပါတယ်လို့ ပြောလိုပါတယ်။ သူတို့ရဲ့ကျန်းမာရေးဆိုင်ရာ အကာအကွယ်ကိုလည်း ကာကွယ်ပေးဖို့လိုတယ်။ သူတို့ ဖျားနာနေလို့မရဘူး။ သူတို့ကိုလည်း ပိုပြီးတော့ ဂရုစိုက်ဖို့လိုတယ်။ သူတို့ရဲ့ကုသပေးမှုက လူအများကိုဆောင်ရွက်ပေးတာ၊ လူတစ်ယောက်က လူအများကိုဆောင်ရွက်ပေးတာ ဖြစ်တယ်။ လူအများက သူ့ကိုဆောင်ရွက်ပေးတာမဟုတ်ဘူး။ ဒါကြောင့် သူတို့က ပိုပြီးအရေးကြီးပါတယ်။ ဦးစားပေးပါ။ သူတို့ကို ပြန်ပြီးတော့ ဦးစားပေးဖို့လိုပါတယ်။ ဒါတွေကလည်း အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်အဆင့်ဆင့်ကလည်း အထူးအလေးထားပြီးတော့ဆောင်ရွက်ပေးဖို့ ပြောလိုပါတယ်။ တစ်ဖက်ကလည်း စောစောက ကျွန်တော်ပြောတဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ကျွမ်းကျင်သူများကလည်း အပြင်မှာရှိတဲ့ကျွမ်းကျင်သူအားလုံးကလည်း ဒီဟာက နိုင်ငံရဲ့နိုင်ငံ့အရေးဖြစ်တဲ့အတွက်ကြောင့် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ပူးပေါင်းဆောင်ရွက်ပေးဖို့လိုတယ်လို့ ကျွန်တော်ပြောလိုပါတယ်။ စေတနာ့ဝန်ထမ်းများခေါ်နေတာ ရှိပါတယ်။ တချို့လည်း လာရောက်သတင်းပို့ကြတာရှိပါတယ်။ ဒါပေမယ့်လည်း အကြောင်းအမျိုးမျိုးကြောင့် ဟိုကလည်း ခြိမ်းခြောက်၊ ဒီကလည်း ခြိမ်းခြောက်ဆိုတော့ မလာရဲ၊ မပြုရဲနဲ့ လုပ်ကြတာရှိတယ်။ တချို့လည်း အပြင်ရောက်နေတဲ့သူတွေ လာချင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဖြစ်နေတာကို တွေ့ရတယ်။ ဒါတွေကိုကြိုဆိုတယ်လို့ ကျွန်တော်ပြောထားပြီးသား ဖြစ်ပါတယ်။ ကြိုဆိုတယ်လို့ပြောထားပြီးသားဖြစ်တာကြောင့် ပူးပေါင်းဆောင်ရွက်ပေးမှု လိုအပ်တာဆိုတာ ပြောလိုပါတယ်။ နောက်တစ်ခါ လိုအပ်သည့် ပစ္စည်းနှင့်ပတ်သက်ပြီး လှူနေတာတွေရှိပါတယ်။ မနေ့ကတင်ပြတဲ့ကိန်းဂဏန်းအရဆိုလျှင် ပြည်နယ်နှင့် တိုင်းအသီးသီးမှာ တော်တော်ကိုများကြပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေက လူမှုရေးစိတ်ဓာတ်တွေရှိကြတယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ အခက်အခဲအကြပ်အတည်းတွေရှိတဲ့ကြားထဲက သိန်းပေါင်းများစွာ ပြည်နယ်နှင့်တိုင်းအသီးသီးမှာ လာရောက်လှူဒါန်းတဲ့ ပုဂ္ဂိုလ်များကိုလည်း အလှူရှင်အသီးသီးကိုလည်း ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လှူတယ်ဆိုကတည်းက ဝမ်းသာစရာကိစ္စဖြစ်ပါတယ်။ အလှူရှင်အားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ကျွန်တော်ပြောလိုပါတယ်။ ဆက်လက်ပြီးတော့လည်း တတ်နိုင်သည့်အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေကလည်း ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ပြောလိုပါတယ်။"

> လက်ရှိအချိန်တွင် ကိုဗစ် - ၁၉ ရောဂါ
> ဖြစ်ပွားမှုနှင့် ပတ်သက်၍
> သုတေသနပြုထားသည်များကို
> လေ့လာမှုများနှင့် Mobility Pattern အရ
> လူစုလူဝေးပြုလုပ်မှု၊ လူအများစုရုံးနေမှုများ
> လျော့နည်းလာသည်ကို လက်တွေ့
> တွေ့မြင်ရပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုမှာ
> မြင့်တက်လာသည်ကို တွေ့ရှိရကာ
> သတ်မှတ်ထားသည့် စည်းကမ်းများကို
> အလေးထားလိုက်နာလျက်ရှိသည့်အတွက်
> ပြည်သူလူထုကို ကျေးဇူးတင်ရှိ။

**အကျယ်တဝင့် ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် တိုင်းစစ်ဌာနချုပ်အလိုက် Oxygen Plant များ၊ အောက်ဆီဂျင်အိုးများမှာယူရောက်ရှိနေမှု၊ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာ လက်ကားဆေးဆိုင်ကြီးများ၏ ဖြန့်ဝေရောင်းချနေမှုနှင့် သုံးသပ်ချက်များ၊ ကုန်စည်စီးဆင်းမှုနှင့် ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးနေမှု၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်းနှင့် ရောဂါဖြစ်ပွားမှုဆိုင်ရာ၊ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သတင်းထုတ်ပြန်ပေး၊ ပညာပေး၊ လှုံ့ဆော်နေမှု၊ ယနေ့အချိန်အထိ မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်များတွင် ရောဂါပိုးအတည်ပြုလူနာ ၃၁၅ ဦး ရှိသည့်အနက် ဆေးရုံဆင်းလာသူ ၁၂၀၊ ကုသဆဲ ၁၉၀ ဖြစ်ပြီးသေဆုံးသူ ၅ ဦးရှိကာ ၎င်း ၅ ဦးသည်လည်း မူလရောဂါအခံရှိမှုကြောင့်သေဆုံးခဲ့ရသည့် အခြေအနေများနှင့် အကျဉ်းစခန်းများရှိ ရောဂါပိုး အတည်ပြုသူများကို သက်ဆိုင်ရာအကျဉ်းစခန်း၊ အချုပ်စခန်းများတွင် ဆေးခန်း၊ ဆေးကုသမှုနေရာများဖြင့် စနစ်တကျကုသမှုများ ဆောင် ရွက်ပေးလျက်ရှိမှုကြောင့် အခြေအနေထိန်းချုပ်ထားနိုင်မှု၊ မဖြစ်မနေကျင်းပပြုလုပ်ရန် လိုအပ်သည့်အခမ်းအနားများအား အနည်းဆုံးသောအင်အားဖြင့် သတ်မှတ်စည်း မျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အောက်ဆီဂျင်များလိုအပ်ချက်များမရှိစေရေးအတွက် တပ်မတော်စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံများမှ နေ့စဉ်ထုတ်လုပ်၍ ဆေးရုံများသို့ နေ့စဉ်ဖြန့်ဝေပေးနေမှု၊ ပြည်ပမှမှာယူတင်သွင်းပေးနေမှုနှင့် အောက်ဆီဂျင်များ လုံလောက်စွာရရှိရေး စီမံဆောင်ရွက်နေမှု၊ ကျန်းမာရေးဝန်ထမ်းများအားလိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်နေမှု၊ တပ်မတော် စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံများမှ အောက်ဆီဂျင်များ နေ့စဉ်ထုတ်လုပ်ဆောင်ရွက်ပေးနေမှု၊ ရောဂါကူးစက်ပြန့်ပွားမှု လျော့ပါးစေရေးအတွက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားလာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်မှု အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

> ကျွန်တော်တို့ မြန်မာလူမျိုးတွေက
> လူမှုရေးစိတ်ဓာတ်တွေရှိကြတယ်လို့
> ကျွန်တော်ပြောခဲ့ပါတယ်။ အခက်အခဲ
> အကြပ်အတည်းတွေရှိတဲ့ကြားထဲက
> သိန်းပေါင်းများစွာ ပြည်နယ်နှင့်တိုင်း
> အသီးသီးမှာ လာရောက်လှူဒါန်းတဲ့
> ပုဂ္ဂိုလ်များကိုလည်း အလှူရှင်အသီးသီးကိုလည်း
> ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်
> လှူတယ်ဆိုကတည်းက ဝမ်းသာစရာကိစ္စ
> ဖြစ်ပါတယ်။ အလှူရှင်အားလုံးကိုလည်း
> ကျေးဇူးတင်ကြောင်း
> ကျွန်တော်ပြောလိုပါတယ်။

**ထိမိစွာ သတိပေးနှိုးဆော်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများသည် ကျန်းမာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍတို့အတွက် မရှိမဖြစ် အရေးပါပြီး ရပ်တန့်သွား၍မရသည့်အတွက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာကျရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသအလိုက် မဖြစ်မနေခရီးသွားရသည်များရှိသည်ဖြစ်၍ RBE ရထားများပြေးဆွဲပေးရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားမရရှိပါက ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်မဟုတ်သောကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေးအတွက်လည်း အလေးထားဆောင်ရွက်ကြရန်နှင့် လျှပ်စစ်ဝန်ထမ်းများကို လုံခြုံရေးအရ အကာအကွယ်ပေးရန်လိုအပ်မည်

ဖြစ်ကြောင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် ပုံနှိပ်လုပ်ငန်းများမှတစ်ဆင့် ပြည်သူများသို့ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများကို ဆောင်ရွက်ရာတွင် ထိမိစွာဖြင့် သတိပေးနှိုးဆော်ကြရမည်ဖြစ်ပြီး တိုင်းရင်းသားဘာသာစကားများဖြင့်လည်းထုတ်လွှင့်ရန်လိုကြောင်း၊ ပညာပေး အစီအစဉ်များ၊ ဆောင်းပါးများ၊ သတင်းများကို လူတိုင်းနားလည်အောင်၊ ထိမိအောင် ရေးသား၊ ထုတ်လွှင့်ရန်လိုကြောင်း၊ နှိုးဆော်ချက်၊ လှုံ့ဆော်ချက်များကို လူထုနားထဲအရောက် အသံချဲ့စက်များသုံး၍ ပညာပေးရန်၊ လှုံ့ဆော်ရန်လုပ်ဆောင်နိုင်ကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်၍ ထိုးနှံရမည့်သူအားလုံးကို မပျက်မကွက်ထိုးနှံပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုကို စိတ်ရောကိုယ်ပါ အားပေးကြရမည်ဖြစ်ပြီးလိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ထောက်ပံ့ကြေးများကိုလည်း ခွင့်ပြုထားသည့်အပြင် ကျန်းမာရေးဝန်ထမ်းများ၏ စိတ်ဓာတ်မြှင့်တင်ရေးကို တာဝန်ရှိသူအားလုံးက လိုအပ်သည်များဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝေးလံခေါင်ဖျားသည့်ဒေသများ၏ အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ အရေးပေါ်လိုအပ်ပါက တပ်မတော်ရဟတ်ယာဉ်၊ လေယာဉ်များ အသုံးပြုနိုင်ရေးစီမံခန့်ခွဲထားပြီး အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ပေးရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

## နှိုးဆော်ကြပ်မတ်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဆွေးနွေးမှုများ၏ အဓိကရည်ရွယ်ချက်သည် ရောဂါကူးစက်ပြန့်ပွားမှုလျော့ကျစေရေးပင်ဖြစ်ပြီး ရောဂါပိုးကူးစက်မှုကြောင့် ပြည်သူများစိုးရိမ်ပူပန်နေရမှုများကို ဖြေလျော့ပေးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ သတိပေးနှိုးဆော်မှုများကို ဆက်တိုက်ဆောင်ရွက်ခဲ့သဖြင့် လှုပ်ရှားသွားလာမှုများ လျော့ကျလာသည်ကိုတွေ့ရှိရပြီး ရုံးပိတ်ရက်ရှည်ကာလအတွင်း၌လည်း သွားလာမှုများကို စနစ်တကျရှိစေရေး နှိုးဆော်ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝါတွင်းကာလ ဝါဆိုကြမည့် ရဟန်း၊ သံဃာ၊ သီလရှင်များ၏ ကျန်းမာရေး၊ ဆွမ်းကွမ်းကိစ္စမလစ်ဟင်းစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ပြင် ကိုးကွယ်ရာဘာသာများအလိုက် ဘုရားသွားကျောင်းတက်ခြင်း၊ ဝတ်ပြုခြင်းများကို ဆောင် ရွက်ကြမည်ဖြစ်ရာ စည်းကမ်းနှင့်အညီဖြစ်စေရေး ကြပ်မတ်ကြရမည်ဖြစ်ကြောင်း။

## ကုန်ထုတ်လုပ်ငန်းများ

ကုန်ထုတ်လုပ်ငန်းများ လည်ပတ်နေစေရေးနှင့် ကိုဗစ်ကာလ သွားလာမှုကန့်သတ်ချက်အချို့ကြောင့် စိုက်ပျိုးကုန်များ၊ မွေးမြူရေးထုတ်ကုန်များ ပို့ဆောင်ဖြန့်ချိမှုခက်ခဲလာလျှင် ကူညီဖြေရှင်းပေးရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်နှင့် သင့်လျော်သောအမြတ်ငွေရရှိရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အခြေခံစားကုန်သဖွယ် ဖြစ်နေသော ကြက်ဥ ဈေးနှုန်းနှင့် ပတ်သက်ပြီး ကောလာဟလဖြစ်အောင် ဈေးနှုန်းမြင့်တက်အောင် လုပ်ဆောင်နေမှုများကို တွေ့ရှိရပြီး ဥစားကြက်မွေးမြူရေးကို မိမိတို့အနေဖြင့် လွန်ခဲ့သည့် ၆ နှစ် ၇ နှစ်ကတည်းကပင် အားသွန်ခွန်စိုက်လုပ်ခဲ့ကြောင်း၊ ယခင်ကပင် တပ်မတော်ကပြည်သူလူထုကို ရောင်းချပေးနေသည်ကိုတွေ့နိုင်မည်ဖြစ်ကြောင်း၊ စိုးရိမ်စရာမရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြည်သူလူထုတစ်ရပ်လုံး၏ စိုးရိမ်ကြောင့်ကြမှုများကို လျော့ပါးအောင် ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

## Center ၁၉၃၄ နေရာမှာ ပြင်ဆင်

ထို့နောက် ရောဂါကာကွယ်ကုသထိန်းချုပ်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် “Quarantine Center နဲ့ ပတ်သက်၍ ပြင်ထားတာရှိပါတယ်။ တပ်မတော်နဲ့ အရပ်ဘက်ဆေးရုံတွေ၊ နေရာ၊ ဌာနတွေကို အားလုံးပေါင်း ၆၉၈၀၀ ဦးရေခန့်အတွက် Center ၁၉၃၄ နေရာမှာ ပြင်ဆင်ထားပါတယ်။ လက်ရှိ ၂၅ ရာခိုင်နှုန်းပဲ Quarantine Center များတွင် ရှိပါတယ်။ အလားတူ Positive လူနာများနဲ့ပတ်သက်ပြီး နေရာပေါင်း ၁၁၁၄ နေရာမှာ ၄၅၉၀၀၊ ၄၆၀၀၀ ခန့် ဝင်ဆံ့တဲ့ အင်အားရှိပါတယ်။ လောလောဆယ် ၆၂ ရာခိုင်နှုန်းပဲ Postive လူနာထားတဲ့နေရာမှာရှိပါတယ်။ ကုသရေး Center ပေါင်း ၅၆၀ လုပ်ထားတဲ့နေရာမှာ ဝင်ဆံ့တာက ၂၅၅၀၀ ခန့်ရှိပါတယ်။ ၉၂ ဒသမ ၂ ရာခိုင်နှုန်း ရှိပါတယ်။ သူကတော့ ပိုများပါတယ်။ ကုသရေး Center မှာရှိတဲ့ လူနာများနဲ့

ပတ်သက်၍ တချို့ကလည်း Postive လူနာထားတဲ့ နေရာဘက်သို့ရွှေ့သင့်ရင် ပြန်ရွှေ့ရမှာပဲ။ ဒါကတော့ လက်ရှိအခြေအနေမှာ မဖြစ်သေးပါဘူး။ သို့သော်လည်း ကြိုတင်ပြီးစဉ်းစားထားဖို့လိုတယ်။ ဘယ်လိုဖြစ်လာလို့ ရှိရင် ဘယ်နေရာမှာ Shift လုပ်မလဲဆိုတာ အဲ့မှာစီမံခန့်ခွဲရေးလုပ်ဖို့ အရေးကြီးပါတယ်။ သူတို့ရဲ့ စားရေး၊ သောက်ရေးအရေးကြီးပါတယ်။ သူတို့ စားရေး၊ သောက်ရေး၊ ကျွေးမွေးရေးပေ့ါ။ တပ်မတော်ကတော့ တပ်မတော်မှာ တက်နေတဲ့ ဆေးရုံတွေမှာ နေရာ ၃ နေရာမှာ အကုန်လုံး ကျွေးမွေးထားပါတယ်။ ထို့အတူပဲ ဆေးရုံတွေမှာလည်း တတ်နိုင်သလောက် ကျွေးမွေးနေတယ်။ အလှူရှင်တွေနဲ့လုပ်ပေးထားတာ ရှိတယ်။ ဒါတွေလည်း မျက်ခြေမပြတ်ကြည့်နေဖို့ လိုပါတယ်။ လူနာတွေကလည်း အာဟာရရှိဖို့ လိုပါတယ်။ ကိုဗစ်နဲ့ပတ်သက်ပြီး ခံနိုင်ရည်ရှိအောင် အာဟာရရှိအောင် ဆောင်ရွက်ပေးဖို့လိုတယ်။ စားနိုင်တဲ့ လူနာတွေရှိသလို မစားနိုင်တဲ့လူနာတွေရှိမယ်။ မျက်ခြေမပြတ်ကြည့်ဖို့ လိုပါတယ်။ ဆင်းရဲချမ်းသာမဟုတ်ပါဘူး။ ဆင်းရဲလို့ မလုပ်နိုင်ဘူး၊ မကျွေးနိုင်ဘူး၊ မစားနိုင်ဘူးဆိုတာ မဖြစ်ပါစေနဲ့။ အားလုံးကို ကျွန်တော်တို့က လူသားတစ်ယောက်အနေနဲ့ရသင့်ရထိုက်တဲ့ဟာတွေကို ပေးလို့ရအောင်ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ ပြောလိုပါတယ်။”

**အလေးထားဆောင်ရွက်**

ဆက်လက်ပြောကြားရာတွင် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခက်အခဲများရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းစစ်ဌာနချုပ်များသို့ ဆက်သွယ်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်းနှင့် ကုသရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် စီမံခန့်ခွဲသူများ၊ ပူးပေါင်းပါဝင်သူများ၏ လုံခြုံရေးထိခိုက်မည့်ကိစ္စရပ်များအပေါ် ပြည်သူလူထုက ဝိုင်းဝန်းပူးပေါင်းဆန့်ကျင် ဆောင်ရွက်ရန်လိုပြီး ပါဝင်သည့် ပြည်သူလူထုကိုလည်း အသိအမှတ်ပြုရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

( ၂၃ – ၇ – ၂၀၂၁ )






ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများကို ဗဟိုမှ အင်တိုက်အားတိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုအနေဖြင့်လည်း စိုးရိမ်လွန်ကဲမှုမဖြစ်စေရန် အသိသတိဖြင့် ထိန်းသိမ်း ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါလက္ခဏာ ဖြစ်ပေါ်လာသူများအနေဖြင့် ဒေသန္တရဆေးခန်း၊ ဆေးပေးခန်းများရှိ ကျန်းမာရေးဝန်ထမ်းများ၏ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာဆေးရုံများ၊ စောင့်ကြည့်လူနာလက်ခံစင်တာများ၊ အတည်ပြုလူနာလက်ခံစင်တာများသို့ သွားရောက်ပြသကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ စတုတ္ထအကြိမ်ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာ၌ လက်ရှိအချိန်တွင် ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းကူးစက်မှုသည် မြင့်မားလာသည့်အနေအထားတွင်ရှိပြီး ရောဂါပိုး ၂ မျိုး၊ ၃ မျိုးကွဲပြားလျက်ရှိသည်ကို တွေ့ရှိနေရကြောင်း၊ ကူးစက်ပြန့်ပွားမှုနှုန်း အနေဖြင့်လည်း ၂ ဆမှ ၄ ဆ၊ ၄ ဆမှ ၈ ဆအထိ မြန်ဆန်မှုရှိနေသည်ကို တွေ့ရှိရကြောင်း၊ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဗဟိုမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူဦးရေ ထူထပ်သိပ်သည်းသည့်ဒေသများတွင် အထူးဂရုပြု အလေးထားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သော်လည်း အစိုးရိမ်လွန်ကဲမှုမဖြစ်စေရန် အသိသတိဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

တစ်နိုင်ငံလုံးရှိ ရောဂါကူးစက်ဖြစ်ပွားမှုများ၊ ကာကွယ်

ထိန်းချုပ်ကုသရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှလည်း ရောဂါကူးစက်ဖြစ်ပွားမှု၊ ကူးစက်ခံရမှု၊ သေဆုံးမှု၊ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို ဖြစ်စဉ်အမှန်အတိုင်းဒေသခံလူထုသိရှိအောင် အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးနိုင်ရမည်ဖြစ်ကာ သတင်းအမှန်များကို သိရှိရခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုများကို လျှော့ချပေးနိုင်ရမည်ဖြစ်ကြောင်း။

ပြည်သူလူထုအနေဖြင့် အောက်ဆီဂျင်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိနေပြီး ဒေသန္တရ ဆေးခန်းများ၊ ဆေးပေးခန်းများ၊ ဆေးရုံများသို့ မသွားရောက်ဘဲ မိမိတို့၏ အိမ်တွင်း၌ပင် ကြိတ်၍ကုသမှုများပင် ရှိနေကြောင်း၊ ထိုသို့ ပြုလုပ်ခြင်းသည် ရောဂါ၏အတိမ်အနက်ကို မသိရှိနိုင်ဘဲ အန္တရာယ်ဖြစ်ပေါ်လာနိုင်သည့်အတွက် ဒေသန္တရ ဆေးခန်း၊ ဆေးပေးခန်းများမှ ကျန်းမာရေးဝန်ထမ်းများ၏ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာဆေးရုံများ၊ စောင့်ကြည့်လူနာလက်ခံစင်တာများ၊ အတည်ပြုလူနာလက်ခံ စင်တာများသို့ သွားရောက်ပြသကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကိုဗစ်ရောဂါပိုးသည် တစ်နေရာနှင့်တစ်နေရာ ရောဂါဖြစ်ပွားပုံခြင်း တူညီမှုရှိမည်မဟုတ်ဘဲ အကင်းသေမည့် ရောဂါမဟုတ်ကြောင်း သိရှိရသဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး ရေရှည်စဉ်းစားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သုတေသနပြုလုပ်ရာတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ရှိ သုတေသနဌာနများမှသာလျှင် research လုပ်နိုင်မည်မဟုတ်ဘဲ ဆေးရုံအသီးသီးများမှလည်း ဖြစ်ပေါ်ပုံအဆင့်ဆင့်ကို စနစ်တကျမှတ်တမ်းတင်ထားရန် လိုအပ်ပြီး လုပ်ဆောင်နိုင်သည့် နယ်ပယ်မှတစ်ဆင့် တတ်နိုင်သရွေ့ ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**မိမိတို့နိုင်ငံတွင်ထုတ်လုပ်နိုင်**

ကိုဗစ်ရောဂါသည် ရေရှည်ဖြစ်ပေါ်နေနိုင်သည့် ရောဂါဖြစ်သဖြင့် ရောဂါကာကွယ်ဆေးကို မိမိတို့နိုင်ငံတွင်ထုတ်လုပ်နိုင်ရေးလုပ်ဆောင်နေခြင်းဖြစ်ပြီး မိမိ၏ ရုရှားခရီးစဉ်၌ ဆွေးနွေးခဲ့ကြောင်း၊ ယခင်ကဖြစ်ပေါ်ခဲ့သည့် အသည်းရောင်အသားဝါပိုး၊ ငှက်ဖျားရောဂါပိုးတို့ကို မိမိတို့နိုင်ငံ၌ ကာကွယ်ဆေး ထုတ်လုပ်ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ယခုလည်း လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ကာကွယ်ကုသဆေးများကို သုတေသနပြုလုပ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆေးရုံများသည် ကိုဗစ်ရောဂါကိုသာမက အခြားရောဂါများကိုလည်း ကုသနေကြရကြောင်း၊ ကိုဗစ်ရောဂါသည် အရေးကြီးသည်ဖြစ်သော်လည်း အခြားရေရှည်ကုသပေးရမည့် ရောဂါများ ကုသရာတွင် လစ်ဟင်းမှုမရှိစေရေးအတွက်လည်း စဉ်းစားလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများသည် အမျိုးသားရေးကိစ္စရပ်ဖြစ်သဖြင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်များမှ ပျက်ကွက်နေကြသည့် ကျန်းမာရေးဝန်ထမ်းများနှင့်ပတ်သက်၍ ပြောကြားရာတွင် “တစ်ဖက်က ကျန်းမာရေးဆိုင်ရာ ပုဂ္ဂိုလ်တချို့ကလည်း CDM လုပ်ထားတဲ့အတွက်ကြောင့် မလာကြဘူး။ ကျွန်တော်လည်း အကြိမ်ကြိမ်အခါခါ ဖိတ်ခေါ်တယ်။ ခင်ဗျားတို့လာကြပါ။ ဒါ လူမှုရေးကိစ္စဖြစ်တယ်၊ နိုင်ငံ့အရေးကိစ္စဖြစ်တယ်၊ အမျိုးသားရေးကိစ္စဖြစ်တယ်၊ ကူညီရအောင်ပြောတယ်။ တချို့လည်းလာကြတာရှိတယ်။ တချို့လည်းအကြောင်းအမျိုးမျိုးကြောင့် မလာနိုင်တာလည်းရှိပါတယ်။ ကျွန်တော် ထပ်ပြီးမေတ္တာရပ်ခံပါတယ်… ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေးဆိုင်ရာ ပုဂ္ဂိုလ်အားလုံး တစ်နိုင်ငံလုံး ပူးပေါင်းဆောင်ရွက်ကြဖို့ ပြောလိုတယ်။ ဆေးရုံတွေမှာ ကျန်းမာရေးနဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြဖို့ ကျွန်တော်ပြောလိုပါတယ်” ဟု ပြောကြားသည်။

ယင်းနောက် အရေးပေါ်လူနာများကို အချိန်မီပို့ဆောင်နိုင်ရေး လိုအပ်မည်ဖြစ်သဖြင့် လူနာတင်ယာဉ်များ၏ ကွဲခိုင်မှုကိုလည်း တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်နေရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် တာဝန်ကို ခွဲဝေပေးထားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အောက်ဆီဂျင် လုံလောက်စွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်ပမှလည်း အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မှာယူတင်သွင်းလျက်ရှိသဖြင့် စနစ်တကျသုံးစွဲရန်နှင့် သိုလှောင်မှုနှင့်ပတ်သက်၍လည်း ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြောက်ဥက္ကလာပဆေးရုံ

တွင် အောက်ဆီဂျင်ပိုက်လိုင်းများ ဖျက်ဆီးခံရသည်ဟု ကြားသိရပြီး ဟုမ္မလင်းဆေးရုံတွင်လည်း အကြောင်းမဲ့ လုပ်ငန်းခွင်ပျက်ကွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းအချို့က အောက်ဆီဂျင်အိုးများကို သိုဝှက်ထားခဲ့သည်ဟုသိရှိရ ကြောင်း၊ ထိုကဲ့သို့လုပ်ရပ်များသည် အတွေးအခေါ်မဲ့ပြီး စာနာမှုကင်းမဲ့သည့်လုပ်ရပ်များပင်ဖြစ်ပြီး ဆေးရုံများ အနေဖြင့်လည်း လူနာများ၏ ကျန်းမာရေးအတွက် လုံခြုံ ရေးတင်းကြပ်စွာလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**လိုက်နာမှုအားကောင်းလာ**

ရောဂါဖြစ်ပွားမှုလက္ခဏာသည် တစ်ဦးနှင့်တစ်ဦး တူညီမှုမရှိသဖြင့် ကျန်းမာရေးဆိုင်ရာ ပညာပေးမှုများ ကို ရုပ်မြင်သံကြား၊ ရေဒီယိုတို့မှ ထုတ်လွှင့်သည်သာမက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဟောပြောမှုများ၊ လက်ကမ်းစာစောင်များဖြင့်လည်း ကျန်းမာရေးအသိပညာပေးဆောင်ရွက်ကြရမည်ဖြစ် ကြောင်း၊ ထိုကဲ့သို့ အသိပညာပေးဆောင်ရွက်မှုများကြောင့် ပြည်သူလူထုအနေဖြင့် လိုက်နာမှုအားကောင်းလာသည် ကို တွေ့ရှိရပြီး ၁၇ ရက်နေ့အထိ အများနှင့်သက်ဆိုင် သည့်နေရာများ၊ လုပ်ငန်းခွင်များသို့ သွားလာမှုများ သိသိ သာသာလျော့ကျလာသည်ကို လေ့လာတွေ့ရှိရမည်ဖြစ် ကြောင်း၊ တစ်ဦးချင်းအသိစိတ်ဖြင့် သွားလာလှုပ်ရှား နေ ထိုင်ကြစေရေး ပညာပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လွန်ခဲ့သည့်ရက်ပိုင်းတွင် ဆေးပညာရှင်တစ်ဦးက ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ထောက်ပြမှုများကို တွေ့ရှိရပြီး ကူးစက်မှုမှာ လူမှတစ်ဆင့်သာ ကူးစက်ခြင်း ရှိပြီး ၎င်း၏ပြောကြားချက်သတင်းစကားကို တိုင်းဒေသ ကြီးနှင့်ပြည်နယ်များသို့ ထပ်ဆင့်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း၊ မှန်ကန်သည့်အသိပညာများ ရရှိစေလိုခြင်း ဖြစ်ပြီး စိုးရိမ်ပူပန်မှုကို လျော့ကျစေလိုခြင်းကြောင့်ဖြစ် ပါကြောင်း၊ အသက်အန္တရာယ်နှင့်ဆိုင်သည့် ကိစ္စရပ်များ ဖြစ်သဖြင့် ကောလာဟလရေးသားခြင်းများမပြုလုပ်ကြ ရန် မည်သို့ပင်မေတ္တာရပ်ခံလျက်ရှိသော်လည်း ကောလာ ဟလသတင်းများ ဆက်လက်ပြန့်ပွားလျက်ရှိသဖြင့် အခြေအနေမှန်များကို သိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ အောက်ခြေသတင်းအမှန်၊ အခြေအနေမှန်များကို အချိန် နှင့် တစ်ပြေးညီတင်ပြမှုသာလျှင် ဗဟိုမှဖြေရှင်းဆောင်ရွက် နိုင်မည်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်

> ကိုဗစ်ရောဂါပိုးသည်
> တစ်နေရာနှင့်တစ်နေရာ
> ရောဂါဖြစ်ပွားပုံခြင်း တူညီမှုရှိမည်မဟုတ်ဘဲ
> အကင်းသေမည့် ရောဂါမဟုတ်ကြောင်း
> သိရှိရသဖြင့် သုတေသနလုပ်ငန်းများ
> ဆောင်ရွက်ပြီး
> ရေရှည်စဉ်းစားဆောင်ရွက်ကြရန်
> လိုအပ်မည်ဖြစ်။

တို့တွင် ဖြစ်ပေါ်နေသည့်အခြေအနေမှန်များကို သိရှိအောင် ဆောင်ရွက်ပြီးတင်ပြကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိ တို့အနေဖြင့် အခြားလိုအပ်ချက်မှန်သမျှကို တတ်စွမ်းသရွေ့ ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

**အမြန်ဆုံးထိုးနိုင်ဖို့ ကြိုးစားပေးပါမယ်**

ထို့နောက် ရောဂါကာကွယ်ဆေးများ ရောက်ရှိမှုနှင့် အခြားဆေးရုံသုံးပစ္စည်းများ ရောက်ရှိမှု၊ ထိုးနှံပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ပြောကြားရာတွင် "တရုတ်နိုင်ငံကနေ လှူဒါန်းတဲ့ဆေး ၇၃၆၀၀၀ မနေ့က ရောက်လာပါတယ်။ အဲ့ဒါကိုဒီနေ့က စပြီး ဖြန့်ပြီးတော့ ဆေးထိုးဖို့ ဆောင်ရွက်နေပါတယ်။ ဒီနေ့လည်းရောက်ပါမယ်။ မနက်ဖြန်လည်း ရောက်ပါ မယ်။ ဩဂုတ်လပထမပတ်အထိ ၄ သန်းရောက်ဖို့ရှိပါ တယ်။ တောက်လျှောက် ကျွန်တော်တို့ပေးပါမယ်။ အဓိက လက်ဝယ်ရောက်လာလို့ရှိရင် ဒါတွေကိုအမြန်ဆုံးထိုးနိုင် ဖို့အတွက် ကြိုးစားပေးပါမယ်။ ကျွန်တော်တို့က နှစ်ပတ် ခြားပြီးမှ ထိုးရတဲ့အတွက်ကြောင့် နောက်ထပ်နှစ်ပတ်ခြား တဲ့ အချိန်မှာ ဆေးရအောင် ကျွန်တော်ကြိုးစားပါမယ်။ လက်ထဲမှာ Risk ယူပြီးတော့မှ အရံချန်ထားတာတွေ ဘာတွေ သိပ်မလုပ်ဘဲနဲ့ များများ First Doseကို ထိုးနိုင်

တရုတ်နိုင်ငံကနေ လှူဒါန်းတဲ့ဆေး
၇၃၆၀၀၀ မနေ့က ရောက်လာပါတယ်။
အဲဒါကိုဒီနေ့ကစပြီး ဖြန့်ပြီးတော့
ဆေးထိုးဖို့ ဆောင်ရွက်နေပါတယ်။
ဒီနေ့လည်းရောက်ပါမယ်။ မနက်ဖြန်လည်း
ရောက်ပါမယ်။ ဩဂုတ်လပထမပတ်အထိ
လေးသန်းရောက်ဖို့ရှိပါတယ်။
တောက်လျှောက် ကျွန်တော်တို့ပေးပါမယ်။
အဓိကလက်ဝယ်ရောက်လာလို့ရှိရင်
ဒါတွေကိုအမြန်ဆုံးထိုးနိုင်ဖို့အတွက်
ကြိုးစားပေးပါမယ်။

ဖို့လိုတယ်။ ဒါလေးတွေလည်း ဥက္ကဋ္ဌများကို ကျွန်တော် ပြောလိုပါတယ်။ ကျွန်တော်တို့ အနေနဲ့ ကိုဗစ်နဲ့ပတ်သက်လို့ရှိရင် ငွေရေးကြေးရေးကိစ္စရပ်ကအစ ဘာကန့်သတ်ချက်မှ မထားပါဘူး။ ဆိုလိုတာက ဆေးရုံတက်ကုသဖို့အတွက် ဆေးတို့ဘာတို့ဝယ်တာအပြင်ကို ဆေးရုံအတွက် လိုအပ်တဲ့ အခြားပစ္စည်းတွေပါတယ်။ ဥပမာအားဖြင့် Mask လိုဟာမျိုးတွေ၊ လက်အိတ်လိုဟာမျိုးတွေ၊ PPE လိုဟာမျိုးတွေ၊ နောက်ဆုံးစားစရာသောက်စရာတွေကအစ လူနာကို စိတ်အားငယ်စေရအောင် ဘာမှမဖြစ်ပါစေနဲ့။ သူတို့ အတတ်နိုင်ဆုံး တစ်နေ့တစ်နေ့မှာတော့ သူတို့အပေါ်မှာ ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ ဆေးဝါးကုသတာကိုခံဖို့အတွက် မျှော်မှန်းပြီး ဆောင်ရွက်ဖို့လိုပါတယ်၊ အဲဒီတော့ ဒါနဲ့ပတ်သက်ပြီး ဘာကန့်သတ်ချက်မှ ကျွန်တော်တို့မထားဘူးဆိုတာကို အားလုံးကိုအသိပေးလိုပါတယ်” ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုအနေဖြင့် စတင်ဖြစ်ပွားချိန်မှ လက်ရှိအချိန်အထိ ၂ သိန်း ၅ သောင်းကျော်ရှိပြီဖြစ်ပြီး သေဆုံးသူ ၆၁၀၀ ကျော်ရှိပြီဖြစ်သည့် အခြေအနေ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုမှလည်း ပိုမိုပူးပေါင်းဆောင်ရွက်လာသည့်အတွက် နောက်ရက်သတ္တပတ်နှစ်ပတ်အကြာတွင် ရောဂါကူးစက်မှုနှုန်းလျော့ကျလာနိုင်မည့် အခြေအနေ၊ ကာကွယ်ရေးလုပ်ငန်းတွင် မရှိမဖြစ်လိုအပ်သည့် ကာကွယ်ဆေးထိုးနှံမှုကို စနစ်တကျ ဖြစ်စေရေးအတွက် အိုင်တီနည်းပညာဖြင့် စာရင်းသွင်းပြုစုနိုင်ရေးအတွက် တပ်မတော်မှ ကွန်ပျူတာပညာရှင်များဖြင့် ဆော့ဝဲလ်ပြုလုပ်လျက်ရှိပြီး လွယ်လွယ်ကူကူဖြင့် သုံးစွဲနိုင်ရေးလုပ်ဆောင်ထားရှိကာ ပြည်နယ်နှင့် တိုင်းများရှိ ရောဂါတုံ့ပြန်ရေးအဖွဲ့များသို့လည်း ဆက်လက်ဖြန့်ဝေပေးသွားမည့်အခြေအနေ၊ ထိုသို့ကာကွယ်ဆေးထိုးနှံရာတွင် သေဆုံးမှုကိုလျှော့ချနိုင်ရေး ဦးစားပေးအုပ်စု၊ ရောဂါကူးစက်ပြန့်ပွားမှုကို တားဆီးရေးအတွက် လိုအပ်သည့်အုပ်စု၊ ကိုဗစ် – ၁၉ ကြောင့် နိုင်ငံ့စီးပွားရေးထိခိုက်မှုကို ဖြစ်ပွားစေနိုင်မည့် ဦးစားပေးအုပ်စုဟူ၍ ခွဲခြား၍ ဦးစားပေးထိုးနှံပေးသွားမည့် အခြေအနေ၊ ရောဂါ ကာကွယ်၊ ကုသ၊ထိန်းချုပ်ရေးအတွက် စောင့်ကြည့်လူနာထားရှိရေးစင်တာများနှင့် အတည်ပြုလူနာထားရှိရေးစင်တာများကို ထပ်မံတိုးချဲ့လက်ခံကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးရန်ပုံငွေမှ သုံးစွဲထားရှိမှုအခြေအနေ၊ လေကြောင်းလိုင်းများ၊ နယ်စပ်ဒေသများ၊ ဆိပ်ကမ်းများ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို တင်သွင်းလျက်ရှိသည့်အခြေအနေနှင့် လူ့ကျန်းမာရေးနှင့် သက်ဆိုင်သောပစ္စည်းများဖြစ်၍ အချို့သော FDA ခွင့်ပြုချက်မရှိသည့်ပစ္စည်းများကို စိစစ်ရန်လိုအပ်သည့် အခြေအနေ၊ အိမ်နီးချင်းနိုင်ငံများတွင်လည်း ကူးစက်ပြန့်ပွားမှုနှင့် အောက်ဆီဂျင်လိုအပ်ချက် မြင့်တက်လာသည့်အတွက် ပြည်တွင်းရှိ Oxygen Plant များတွင် တိုးချဲ့ထုတ်လုပ်နိုင်မည့်အခြေအနေ၊ ဝေးလံခေါင်ဖျား ဒေသများတွင် အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့်ပတ်သက်၍ လေကြောင်းလိုင်း၊ ရေကြောင်းလိုင်း၊ မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးတို့ကို ပုံမှန်ပြေး

ဆွဲပေးလျက်ရှိပြီး ခရီးသည်လျော့ပါးမှုအပေါ် မူတည်၍ အခေါက်ရေလျော့ချပြေးဆွဲလျက်ရှိသည့် အခြေအနေ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို နိုင်ငံပိုင် ရုပ်မြင်သံကြား၊ ရေဒီယိုတို့အပြင် ပုဂ္ဂလိက ရုပ်သံလိုင်း များ မှလည်း အသိပညာပေးလျက်ရှိသည့် အခြေအနေ၊ မီဒီယာအချို့၏ ကိုဗစ် - ၁၉ ရောဂါကိုအသုံးချ၍ သတင်းမှား ထုတ်လွှင့်နေမှုနှင့် သတင်းမှန်ပြန်ကြားနိုင်ရေး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေမှုအခြေအနေ၊ ထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများထိုးနှံရေးအတွက် လူထုအား အသိပညာပေး လှုံ့ဆော်ဆောင်ရွက်သွားမည့် အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ရောဂါကာကွယ်ကုသထိန်းချုပ်ရေး လုပ်ငန်းများတွင် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များ ပါဝင်ထမ်းဆောင်နေမှု အခြေအနေ၊ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီများအနေဖြင့် အောက်ခြေတွင် ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီတင်ပြရန်၊ သတင်းအချက်အလက်များ မှန်ကန်စွာရရှိစေရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ကြရန်လိုအပ်သည့်အခြေအနေ၊ ဒေသအလိုက် ဖွင့်လှစ်ထားသည့် စောင့်ကြည့်လူနာလက်ခံစင်တာများနှင့် အတည်ပြုလူနာလက်ခံစင်တာများ၏လိုအပ်ချက်များကို စောင့်ကြည့်ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်သည့် အခြေအနေ၊ ကျန်းမာရေးနှင့် စေတနာ့ဝန်ထမ်းများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

**ထိန်းချုပ်ဆောင်ရွက်ရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပို့ဆောင်ဆက်သွယ်ရေးနှင့် ပတ်သက်၍ ရပ်တန့်၍ မရဘဲ ပြတ်တောက်မှုမရှိစေရေးအတွက် ဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများတွင် ပါဝင်နေသည့် အခြေခံဝန်ထမ်း များ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ကိုလည်း ဦးစားပေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကောလာဟလ သတင်းများထုတ်လွှင့်နေမှုများကို သတင်းမှန်ပြန်ကြားရုံသာမက သတင်းမှားထုတ်လွှင့်သည့်သတင်းဌာနများကိုပါ ပြင်းထန်စွာ တုံ့ပြန်ကန့်ကွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း ဆေးဝါးများအား ပုံမှန်ထက် ပိုမို၍ဈေးတင်ရောင်းချနေသည့် အခြေအနေများကို ထိန်းချုပ်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပမှဝင်ရောက်လာသည့် Oxygen များကို စနစ်တကျထိန်းသိမ်း၍ ဖြန့်ဝေပေးနိုင်ရေးအတွက် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် လိုအပ်နေသည့် Test Kit များကို တပ်မတော်ရဟတ်ယာဉ်ဖြင့် အမြန်ဆုံးပို့ဆောင် ပေးသွားရန်လိုကြောင်း၊ ဟိုတယ် Quarantine များအတွက် လိုအပ်သည့် SOP ကို တိတိကျကျ ထုတ်ပြန်ပေးသွားရန်နှင့် လုံလောက်သည့် ဆေးအကာအကွယ်နှင့် အောက်ဆီဂျင်ရရှိရေးအတွက် ဌာနများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောက်ရှိလာသည့်ကာကွယ်ဆေးများထိုးနှံရေးဆောင်ရွက်ရာတွင် First Dose ကို အမြန်ဆုံးထိုးနှံပြီး ထပ်မံရောက်ရှိလာမည့် ကာကွယ်ဆေးများကိုလည်း အချိန်မီ ထိုးနှံပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ထိုးနှံပေးနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသော်လည်း ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထိုးနှံနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများသည် လူထုနှင့် ထိတွေ့သည့်အဖွဲ့အစည်းများဖြစ်သဖြင့် နိုင်ငံရေးရည်မှန်းချက်မပါဘဲ ပရဟိတစိတ်ဓာတ်ဖြင့် ပါဝင်ကူညီဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပြီး အခြားလူမှုရေးအဖွဲ့အစည်းများအနေဖြင့်လည်း ရောဂါကာကွယ်ရေးဆိုင်ရာများ၊ အသိပညာပေးမှုဆိုင်ရာများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်မည်ဆိုပါက ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရောဂါကာကွယ် ကုသရေးနှင့် ပတ်သက်၍ အချို့သော ကုသရေးစင်တာများ၊ ဆေးရုံဆေးခန်းများနှင့် ဆက်သွယ်နိုင်ရေး ကြေညာထားသည့် ဖုန်းနံပါတ်များသည် အကြောင်းအမျိုးမျိုးကြောင့်

အကူအညီလိုအပ်၍ဆက်သွယ်ပါက ဆက်သွယ် ၍ မရကြောင်းသိရှိရသဖြင့် တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

Quarantine စင်တာများနှင့် ပတ်သက်၍ တပ်မတော်နှင့် အရပ်ဘက်တို့တွင် စုစုပေါင်း ၂၃၂၇ နေရာဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍လည်း တိုးချဲ့လုပ်ဆောင်လျက်ရှိကြောင်း၊ အဆိုပါ Quarantine စင်တာများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသာမက တပ်မတော်မှဆေးမှူးပါရဂူများ အပါအဝင် ကျန်းမာရေးဝန်ထမ်း စုစုပေါင်းအင်အား ၃၀၀၀၀ ကျော်ဖြင့် ဆေးအကာအကွယ်ပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသအလိုက် Quarantine စင်တာများ ထပ်မံဖွင့်လှစ်ရန်လိုအပ်ပါကလည်း ဗဟိုသို့တင်ပြဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အတည်ပြုလူနာများထားရှိသည့်နေရာများကိုလည်း ပြည်သူများမှ အလွယ်တကူသိရှိစေရန်အတွက် တာဝန်ရှိသူများက လမ်းညွှန်ပေးနေရန်လိုအပ်ကြောင်း၊ ကိုဗစ် ပထမလှိုင်းနှင့် ဒုတိယလှိုင်းကူးစက်ဖြစ်ပွားမှုတို့တွင် လူသေဆုံးမှု ၂ ရာခိုင်နှုန်းကျော်ခန့်သာရှိခဲ့ပြီး လက်ရှိ ဖြစ်ပွားလျက်ရှိသည့် တတိယလှိုင်းတွင် ၂ ဒသမ ၃၄၆ ရာခိုင်နှုန်းမျှသာရှိသည်ကို တွေ့ရှိရပါကြောင်း၊ ရောဂါကြောင့် ကွယ်လွန်သွားသူများကိုလည်း စနစ်တကျသင်္ဂြိုဟ်ပေးသွားရန် လိုအပ်ကြောင်း၊ သင်္ဂြိုဟ်ရေးလုပ်ဆောင်ရသည့် ဝန်ထမ်းများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအနေဖြင့်လည်း ကာကွယ်ရေးပစ္စည်းများကို ပြည့်စုံစွာဝတ်ဆင်၍ ရောဂါထပ်မံကူးစက်ပြန့်ပွားမှုမရှိစေရေး အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

လူမှုကွန်ရက်စာမျက်နှာများတွင် ကိုဗစ်ကြောင့် ဖြစ်ပေါ်နေမှုများကို နိုင်ငံရေးအရ အသုံးချမှုများရှိနေသည့်အတွက် သင့်လျော်မှုမရှိသည်ကို ပြောကြားလိုကြောင်း၊ ဆေးရုံအသီးသီးတွင် အောက်ဆီဂျင်လုံလောက်မှု ရှိနေရန် လိုအပ်မည်ဖြစ်ပြီး အောက်ဆီဂျင်များ အမြဲပေးဝေနိုင်ရေးလည်းပတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဆေးရုံအသီးသီးရှိအောက်ဆီဂျင်အိုးများ၊ Oxygen Plant များ၏ System များကိုလည်း အမြဲမပြတ် စစ်ဆေးဆောင်ရွက်နေရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုအခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် "ဒီမှာရှိနေတဲ့ဆရာဝန်တွေနဲ့ပတ်သက်ပြီးတော့ သူတို့လည်း စိတ်ခတ်ချမ်းမြေ့စွာ လုပ်နိုင်ဖို့လည်းလိုပါတယ်။ သူတို့ကိုလည်း အားပေးပါတယ်။ အသိအမှတ်လည်း ပြုပါတယ်။ တချို့ဆေးရုံတွေမှာကြတော့ ဆရာဝန်တစ်ယောက် စ နှစ်ယောက်စရှိတယ်။ တချို့ဆေးရုံတွေမှာကျတော့ ဆရာဝန် လေးငါးခြောက်ယောက်ရှိတယ်။ ဒီဘက်ဆေးရုံကမဟုတ်တော့ ဟိုဘက်ဆေးရုံကဆိုပြီး ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး သွားလုပ်လို့မရဘူး။ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းကျန်းမာရေးမှူးတွေနဲ့ ညှိနှိုင်းပြီးတော့မှ သူတို့ကို ဒီဆေးရုံတော့သွားလုပ်ပေးပါ။ သွားလုပ်လို့ရပါတယ်။ မလုပ်နိုင်စရာအကြောင်းလည်းမရှိဘူး။ ငြင်းမှာလည်း မဟုတ်ဘူး။ ကျွန်တော်တို့ စီမံပေးဖို့ပဲလိုပါတယ်။ တချို့ဆေးရုံတွေမှာ လူနာများပြီး ဆရာဝန်ကနည်းနေတယ်။ ဆရာဝန်မရှိဘူးမဟုတ်ဘူးရှိတယ်။ နည်းနေတယ်။ အဲဒီတော့ ဆရာဝန်များနေတဲ့ နေရာကနေပြီးတော့ မျှပြီးတော့ ထည့်ပေးတတ်ဖို့အတွက် စီမံခန့်ခွဲရေးနည်းလမ်းအရ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အရေးအကြီးဆုံးကတော့ စီမံခန့်ခွဲမှုကောင်းမွန်ခြင်းပါ။ စီမံခန့်ခွဲမှု ကောင်းလို့ရှိရင် လုပ်ငန်းတစ်ခုကို အဆင်ပြေပြေဆောင်ရွက်နိုင်မယ်။ စီမံခန့်ခွဲမှုကောင်းအောင် လုပ်နိုင်ခြင်းဆိုတာလည်း စုပေါင်းတိုင်ပင်ပြီး လုပ်တာကောင်းပါတယ်။ တစ်

> ဒီမှာရှိနေတဲ့ဆရာဝန်တွေနဲ့
> ပတ်သက်ပြီးတော့ သူတို့လည်း
> စိတ်ခတ်ချမ်းမြေ့စွာ လုပ်နိုင်ဖို့လည်း
> လိုပါတယ်။ သူတို့ကိုလည်း အားပေးပါတယ်။
> အသိအမှတ်လည်း ပြုပါတယ်။

ယောက်ထဲလုပ်နေလို့မရဘူး။ စုပေါင်းတိုင်ပင်ပြီးလုပ်တာပဲကောင်းတယ်။ ဒီကိစ္စသည်လည်း စီမံခန့်ခွဲမှုကောင်းအောင် စုပေါင်းလုပ်ရုံတင်မဟုတ်ဘဲ ပြည်သူလူထုနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လည်းလိုတယ်။ ဒီကြားထဲမှာလည်း ကြားဖြတ်လုပ်ရမဲ့ ဆက်သွယ်ရမဲ့အဖွဲ့အစည်းက ဘာလဲဆိုတော့ စောစောကကျွန်တော်ပြောတဲ့ လူမှုရေးအဖွဲ့အစည်းနဲ့ နိုင်ငံရေးပါတီတွေပဲ။ သူတို့ကနေပြီးတော့ ပြည်သူနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေကြားထဲမှာ ပေါင်းစပ်ပေးဖို့လိုတယ်။ ဒီလို ပေါင်းစပ်ပေးမယ်ဆိုရင် လုပ်ငန်းက များများ Function ဖြစ်ပါတယ်။ ဒါကိုလည်း အားပေးဆောင်ရွက်ကြဖို့ ပြောလိုပါတယ်” ဟုပြောကြားသည်။

ဆက်လက်ပြီး ယနေ့မှစ၍ ဝါတွင်းကာလသို့ ရောက်ရှိပြီဖြစ်သဖြင့် ဘုန်းတော်ကြီးကျောင်းများ၊ သာသနာနွယ်ဝင် သီလရှင်ကျောင်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဆွမ်း၊ ကွမ်းမှအစ အဆင်ပြေအောင် ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း၊ မိမိတို့၏ ဘာသာသာသနာအား အဆက်မပြတ်အောင် အလေးထားဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ အခြားဘာသာရေးကျောင်းများ၏ လိုအပ်ချက်များကိုလည်း ကြည့်ရှုဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဉ္စမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

( ၂၆ – ၇ – ၂၀၂၁ )





ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ဆုံးဖြတ်ချက်များကို သွက်လက်မြန်ဆန်စွာချမှတ်ပြီး ကူးစက်ဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရေး၊ လိုအပ်သည်မှန်သမျှကို လုပ်ဆောင်ပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ဇူလိုင်လ ၂၅ ရက်အထိ ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၁၉၄ သန်းကျော်ရှိပြီဖြစ်ပြီး မိမိတို့နိုင်ငံ၌ ၂၆၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ ဇူလိုင်လအတွင်း ရက်အလိုက်ကြည့်မည်ဆိုပါက ကူးစက်ဖြစ်ပွားမှုလျော့ကျလာသည်ဆိုသော်လည်း သွားလာမှုများကို ကန့်သတ်ထိန်းချုပ်ထားနိုင်မှသာလျှင် ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်းနှင့် မလိုအပ်ဘဲသွားလာမှုများမပြုလုပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောက်ရှိလာသည့် ကာကွယ်ဆေးများကို ဦးစားပေးသတ်မှတ်ချက်များအလိုက် အမြန်ဆုံးထိုးနှံပေးနိုင်ရေး ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ရန် ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတွင်း၌ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လုပ်ဆောင်နေမှုများကို အမြန်ဆုံးအကောင်အထည်ဖော်ပြီး ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**စနစ်တကျဖြစ်စေရေး**

ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ဆေးပစ္စည်းများနှင့် အခြားအိမ်သုံးအခြေခံ ဆေးပစ္စည်းများ ရောင်းချသည့် အချို့သောဆေးပစ္စည်းဆိုင်များသည် ဈေးနှုန်းတင် ရောင်းချခြင်း၊ သိုလှောင်ပြီး ပစ္စည်းပြတ်လပ်မှုများ ဖြစ်ပေါ်စေရန် ဆိုင်ပိတ်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တွင် ဆေးပစ္စည်းရောင်းချမှုများနှင့်ပတ်သက်၍ စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်ကြပ်မတ်ပေးရန်လိုကြောင်း၊ အစိုးရအနေဖြင့် လိုအပ်နေသည့်ဆေးပစ္စည်းများကို ပြည်ပမှတစ်ဆင့် တင်သွင်းခွင့်ပြုပေးထားပြီး ဆေးဝါးတင်သွင်းမှုနှင့်ပတ်သက်လာပါက မည်သည့်ကန့်သတ်ချက်မျှပေးထားခြင်းမရှိကြောင်း၊ တိုက်ရိုက်စီမံခန့်ခွဲသူများ၏ ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုများဖြင့် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးရန်လိုအပ်သောကြောင့် သက်ဆိုင်ရာနယ်မြေအသီးသီးရှိတာဝန်ရှိသူများအနေဖြင့်လည်း မျက်ခြည်မပြတ်စောင့်ကြည့်၍ အလေးထားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဆေးပစ္စည်းများနှင့် ပတ်သက်လာပါက ပြည်သူလက်ဝယ်သို့ မြန်မြန်ဆန်ဆန်ရောက်ရှိရမည်ဖြစ်ကြောင်း၊ ဆေးပစ္စည်းတင်သွင်းမှု ထိရောက်မြန်ဆန်စေရေး One-stop-service များလည်း ပြုလုပ်ပေးထားပြီးဖြစ်သဖြင့် ဆေးပစ္စည်းများနှင့်ပတ်သက်လာပါက တိုင်းဒေသကြီးနှင့်ပြည်နယ်ဥက္ကဋ္ဌများ၊ ဝန်ကြီးဌာနများက အထူးအလေးထားကြပ်မတ်ဆောင်ရွက်ပေးကြရန်လိုအပ်မည်ဖြစ်ကြောင်း။

**စီမံဆောင်ရွက်ပေးရန်လိုအပ်**

ဆေးရုံ၊ ဆေးခန်းများသို့ လာရောက်ပြသသောသူများကို ၎င်းတို့၏ ကျန်းမာရေးအခြေအနေ စစ်ဆေးတွေ့ရှိချက်များအပေါ်မူတည်၍ ဆေးရုံတက်ကုသမှုခံယူရန် လိုအပ်မှု ရှိ၊ မရှိ ဆုံးဖြတ်ကြရပြီး ယင်းသို့ဆုံးဖြတ်ရာတွင် စီမံခန့်ခွဲမှုနည်းလမ်းအရ ကူညီဆောင်ရွက်နိုင်ရေးနှင့် မှန်ကန်မှုရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကုသမှုပေးရန်လိုအပ်နေသည့်သူများကို မဖြစ်မနေကုသမှုလုပ် ဆောင်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ကျန်းမာရေးဝန်ထမ်းများသာမက အခြားဌာနဆိုင်ရာများမှလည်း ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ် ကောင်စီအသီးသီးက သင့်တော်သလို တာဝန်ခွဲဝေဆောင် ရွက်ပေးရန်လိုကြောင်း၊ စီမံခန့်ခွဲမှုကောင်းမွန်ခြင်းအပေါ်မူတည်၍ လုပ်ငန်းအောင်မြင်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်လိုအပ်ချက်များရှိသည်ဟု ထွက်ပေါ်နေခြင်းနှင့် ပတ်သက်၍ လိုအပ်သည့်နေရာများကို စနစ်တကျ ဖြန့်ခွဲပေးရန် စီမံခန့်ခွဲမှုအပိုင်းအားနည်းခြင်းများရှိနိုင်သဖြင့် အောက်ဆီဂျင် ထုတ်လုပ်မှု၊ မှာယူတင်သွင်းမှု၊ ဖြန့်ခွဲမှုတို့ကို စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံးတွင် အခက်အခဲများရင် ဆိုင်ရလျက်ရှိပြီး ကုန်ထုတ်လုပ်မှုကိစ္စရပ်များနှင့်ပတ်သက်၍ စားရုံကုန်သည့်ပစ္စည်း၊ သုံး၍ကုန်သည့်ပစ္စည်း၊ သောက်၍ကုန်သည့်ပစ္စည်း စသည့် စားသောက်သုံးကုန်ပစ္စည်းများထုတ်လုပ်မှုနှင့်ပတ်သက်၍ ကန့်သတ်မှုများပြုလုပ်မထားကြောင်း၊ စားရေးသည် အဓိကဖြစ်ပြီး အခက်အခဲမရှိအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ individual လုပ်ကိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဆက်မပြတ်လုပ် ကိုင်ကြရန်လိုကြောင်း၊ ထို့ပြင်ကျန်းမာရေးနှင့် ပတ်သက်သည့် လိုက်နာရမည့် အသိပေးချက်၊ သတိပေးချက်များကိုလည်း ပြည်သူများ သိရှိစေရန်၊ လိုက်နာစေရန် မကြာခဏပြောဆို သတိပေးနေရန်လိုအပ်မည်ဖြစ်ကြောင်း။

**ကြိုတင်မြော်တွေးပြင်ဆင်**

လက်ရှိမိုးရာသီတွင် တစ်နိုင်ငံလုံး မိုးရွာသွန်းမှုအားကောင်းလျက်ရှိပြီး တစ်ဖက်က စိုက်ပျိုးရေးလုပ်ငန်းအားကောင်းနိုင်သကဲ့သို့ တစ်ဖက်ကလည်း မိုးရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများအတွက် ကြိုတင်မျှော်တွေး ပြင်ဆင်ထားကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ လူမှုအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍လည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအတွက် ဝယ်ယူထားရှိသည့် ပစ္စည်းများကို လက်တွေ့ကျကျအသုံးချကြရန်လိုအပ်မည် ဖြစ်ကြောင်း ပြောကြားသည်။

## မြန်မြန်ဆန်ဆန်ထိုးဖို့လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကာကွယ်ဆေးထိုးနှံရေး၊ စိုးရိမ်ကြောင့်ကြမှုများကို ဖြေလျှော့ရန် စီမံဆောင်ရွက်ပေးနိုင်ရေး၊ သဘာဝဘေး အန္တရာယ်များကို ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေး စသည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် "အဓိက ကတော့ ဖြစ်ပွားမှုနှုန်းက အရေအတွက်အားဖြင့် လျော့ တာပေ့ါ၊ သို့သော်လည်း ဒါ စိတ်ချရတဲ့အနေအထား မရှိ သေးဘူးဆိုတာ ကျွန်တော်ပြောလိုပါတယ်၊ ဒါနံပါတ်တစ် အချက်ပေ့ါ။ နံပါတ်(၂) အချက်ကတော့ ကာကွယ်ဆေး နဲ့ပတ်သတ်လို့ ထိုးဖို့အတွက်က မြန်မြန်ဆန်ဆန်ထိုးဖို့ လိုပါတယ်။ ဒီဆေးထိုးရေးကို တာဝန်ပေးမယ့်ပုဂ္ဂိုလ် များကိုလည်း သူတို့ ဆောင်ရွက်နိုင်အောင် ကူညီပေးဖို့ လိုပါတယ်။ နောက်တစ်ခုကတော့ ဆေးများနဲ့ ပတ်သက် ပြီး စိုးရွံ့ကြောင့်ကြမှုရှိပြီးတော့မှ ဆေးဆိုင်တွေမှာ ထိန်း သိမ်းထားတာတွေ ပိတ်ထားတာတွေ ဒါမျိုးမဖြစ်အောင် လို့လည်း စီမံခန့်ခွဲမှုလမ်းကြောင်းကနေပြီးတော့ သူတို့ ကိုလည်း ဆေးဆိုင်တွေ ဖွင့်ရောင်းဖို့ရယ် ထိုက်သင့်တဲ့ တန်ဖိုးနဲ့ရောင်းဖို့ရယ် ဒါတွေကို အသိစိတ်ဓာတ်ရှိရှိ လုပ် ပေးဖို့ပဲပြောလိုတယ်။ နောက်ဆုံးကတော့ ဒီသဘာဂဘေး အန္တရာယ်နဲ့ပတ်သက်လို့ဆိုရင်တော့ သဘာဂဘေး အန္တရာယ်တွေကို ဒါကြိုတင်တွက်ပြီးတော့လည်း လုပ် ပါ။ ဖြစ်မှလုပ်ပါမဟုတ်ဘူး ကြိုတင်ပြီးတော့ စဉ်းစားပြီး တော့မှ ဒီနေရာတွေ ဒီနေရာတွေတော့ အရင်ဖြစ်ခဲ့ဖူးတဲ့ သာဓကတွေရှိတာယ်၊ ဒီနေရာ ဒီနေရာကတော့ ဖြစ်တတ်တဲ့ သာဓကတွေရှိတယ်၊ ဒါကြောင့် စီမံခန့်ခွဲရေးနည်းလမ်း နဲ့ကြိုတင်ပြီးတော့ ဆောင်ရွက်သွားမယ်ဆိုရင်တော့ ဖြစ် ပွားမယ်အချိန်မှာ ကျွန်တော်တို့ခံရမယ့်ဒဏ်ကတော့ လျော့သွားတာပေ့ါ။ ဒါကြီးက ကျွန်တော်တို့တားလို့ဆီး လို့လည်း ရတာမဟုတ်ပါဘူး။ တားလို့ဆီးလို့မရတာ ကြောင့် ဖြစ်ပွားမယ့်ဟာကတော့ အပျက်အစီးပိုနည်း သွားမယ့်သဘောရှိတယ်။ ဒါကိုလည်း ကြိုတင်စဉ်းစား ပြီးဆောင်ရွက်သွားကြပါလို့ ကျွန်တော်အဖွင့်အနေနဲ့ ပြောလိုပါတယ်" ဟု ပြောသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက် လာကြသူများက ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကူး စက်ပြန့်ပွားမှုအခြေအနေများနှင့် မြန်မာနိုင်ငံအတွင်း ကူးစက်ပြန့်ပွားမှုအခြေအနေ၊ Test Center များ တိုးချဲ့ ဖွင့်လှစ်၍ ယနေ့မှစတင်ကာ လူစုလူဝေးဖြစ်ပွားမှုမရှိ စေရေး စနစ်တကျကြပ်မတ်၍ စစ်ဆေးဆောင်ရွက်ပေး သွားမည့် အခြေအနေ၊ ထွက်ပေါ်လာသည့် စစ်ဆေးချက် အဖြေများ အပေါ်မူတည်၍ သက်ဆိုင်ရာ Center အသီး သီးသို့ လူနာတင်ယာဉ်များနှင့် ပို့ဆောင်နိုင်ရေးစီမံဆောင် ရွက်ထားရှိမှုအခြေအနေ၊ စစ်ဆေးမှုများ ပိုမိုပြုလုပ်နိုင် ခြင်းကြောင့် အတည်ပြုလူနာများ ပိုမိုများပြားလာနိုင်ပြီး ၎င်းတို့အားထားရှိရန်အတွက် Center များ တိုးချဲ့တည် ဆောက်ခြင်း၊ အောက်ဆီဂျင်လိုအပ်ချက်ဖြစ်ပေါ်မှုမရှိ စေရေးအတွက် ဆောက်ရွက်လျက်ရှိသည့်အခြေအနေ၊ ရောက်ရှိလာသည့်ကာကွယ်ဆေးများကို ယနေ့တွင် စတင်ထိုးနှံပေးနေမှု အခြေအနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ်၊ ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် ပို့ဆောင်နိုင်ရေး ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ကာကွယ်ဆေး ထိုးနှံရေးအတွက် နယ်ပယ် ၁၂ ခု သတ်မှတ်ထားပြီး နယ်ပယ်များအလိုက် ဦးစားပေး ထိုးနှံနိုင်ရေး ဆောင်ရွက်ထားရှိသည့်အခြေအနေ၊ ကာကွယ်

> အောက်ဆီဂျင်ရနိုင်သည့်
> အရင်းအမြစ်နေရာများမှ
> နီးစပ်သည့်ဒေသအသီးသီးသို့
> လျင်မြန်စွာပို့ဆောင်ပေးနိုင်ရန်အတွက်
> ကြိုတင်ပြင်ဆင်ထားရန်လိုအပ်၊
> ကာကွယ်ဆေးများထိုးနှံရာတွင်
> လိုအပ်လျက်ရှိသည့် တပ်ဘက်၊ အရပ်ဘက်
> ကျန်းမာရေးဆိုင်ရာဝန်ထမ်းများအား
> ချိတ်ဆက်၍ ဖြည့်ဆည်း
> ဆောင်ရွက်သွားရန်လိုအပ်။

ဆေးထိုးနှံရန်အတွက် SOP များ ရေးဆွဲ၍ စနစ်တကျ ထိုးနှံရေး၊ မှတ်တမ်းတင်ရေး ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးဝါးများ၊ အောက်ဆီဂျင်များနှင့် အထောက်အကူပြုဆေးပစ္စည်းများကို အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ဆက် လက်၍ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း မှတစ်ဆင့် ထပ်မံဝင်ရောက်လာမည့် အခြေအနေ၊ အများပြည်သူ ရုံးပိတ်ရက်ကာလအတွင်း ဘဏ်များ ဖွင့်လှစ်၍ ပင်စင်လစာ နှင့် လစာငွေများ လွယ်ကူချောမွေ့စွာထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးနေသည့် အခြေအနေ၊ ယနေ့မှစ၍ Stock Exchange ရောင်းချမှုအား Online မှတစ်ဆင့် ဆောင်ရွက်နေသည့် အခြေအနေ၊ ပြည်သူလူထုအား ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ သတင်းများ ထုတ်လွှင့်မှု၊ အသိပညာပေးအစီအစဉ်များကို တိုင်းရင်းသားဘာသာများဖြင့်ပါ ကျယ်ပြန့်စွာဆောင်ရွက်နေမှုအခြေအနေ၊ ဆိပ်ကမ်းအသီးသီးတွင် ထုတ်ယူရန်ကျန်ရှိသည့် ဆေးဝါးများနှင့်ပတ်သက်၍ အမြန်ဆုံးလာရောက် ထုတ်ယူ၍ ပြည်သူလူထုအတွင်းသို့ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်သွားမည့်အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

**အချိန်မီထိုးနှံပေးရန်လိုအပ်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လူနေထူထပ်သည့်ဒေသနှင့် မြို့နယ်များကိုလည်း အလေးထား၍ ဂရုပြုစောင့်ကြည့်သွားရန်လိုအပ်ကြောင်း၊ အောက်ဆီဂျင်လိုအပ်ချက် ဖြစ်ပေါ်လာမှုမရှိစေရေးအတွက် မျက်ခြည်မပြတ် စောင့်ကြည့်၍ လျှင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ဌာနများအလိုက် ချိတ်ဆက်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ အောက်ဆီဂျင်ရနိုင်သည့် အရင်းအမြစ်နေရာများမှ နီးစပ်သည့်ဒေသအသီးသီးသို့ လျင်မြန်စွာပို့ဆောင်ပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်း၊ ကာကွယ်ဆေးများထိုးနှံရာတွင် လိုအပ်လျက်ရှိသည့် တပ်ဘက်၊ အရပ်ဘက်ကျန်းမာရေးဆိုင်ရာဝန်ထမ်းများအားချိတ်ဆက်၍ ဖြည့်ဆည်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ရောက်ရှိပြီးဖြစ်သည့် ကာကွယ်ဆေးများကို သတ်မှတ်ထားသည့် နယ်ပယ်အလိုက် ဦးစားပေးအဆင့်အတိုင်း အချိန်မီထိုးနှံပေးရန် လိုအပ်ကြောင်း၊ အိန္ဒိယနိုင်ငံမှ မှာယူထားသည့် ကာကွယ်ဆေးများကို လျင်မြန်စွာရရှိရေး ချိတ်ဆက်ဆောင်ရွက်သွားရန်လိုအပ်ပြီး အခြားပြည်ပနိုင်ငံများမှ မှာယူမှုများကိုလည်း စဉ်ဆက် မပြတ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများအားဖြန့်ခွဲ၍ တာဝန်ပေးအပ်သွားရန်နှင့် စနစ်တကျစာရင်းပြုစုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆိပ်ကမ်းများနှင့် လေဆိပ်များသို့ ရောက်ရှိနေသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆေးပစ္စည်းနှင့် အခြားအခြေခံအိမ်သုံးဆေးဝါးများအား အမြန်ဆုံးထုတ်ယူစေ၍ ပြည်သူလူထုလက်ဝယ်သို့ သင့်လျော်သည့်ဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေးကြပ်မတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုများကို လျှော့ချပေးနိုင်ရေးအတွက် Center များကို အဆင့်မြှင့်တင်ကုသနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ စားသောက်နေထိုင်ရေး လိုအပ်သည့်ကိစ္စရပ်များကိုလည်း ကောင်စီများအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လက်ရှိကာလအတွင်း အောက်ဆီဂျင်လိုအပ်မှုကို အဆက်မပြတ်ဖြည့်ဆည်းနိုင်ရေးအတွက် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး တာဝန်ရှိသူများက မျက်ခြည်မပြတ်စောင့်ကြည့်၍ ဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**တိုးမြှင့်ဆောင်ရွက်နိုင်ရေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ဖြည့်စွက်ပြောကြားရာတွင် "အထူးသဖြင့် ကျွန်တော်ပြောချင်တာက ရန်ကုန်တိုင်းပါပဲ၊ ရန်ကုန်တိုင်းက အခုသေဆုံးမှုကလည်း အများဆုံးဖြစ်ပါတယ်။ လူဦးရေလည်း အများဆုံးဖြစ်တယ်၊ သိပ်သည်းမှုလည်းများတယ်၊ ဒါမနေ့ကအထိ ကျွန်တော်တို့ စာရင်းရထားတာ၊ ဒါအများဆုံး။ ဒုတိယကတော့ မန္တလေးတိုင်း အများဆုံးဖြစ်တယ်။ သို့သော် ဒီလိုပြောလို့ စိတ်ပူစရာတော့မဟုတ်ပါဘူး၊ စိတ်ပူဖို့ပြောတာလည်း မဟုတ်ဘူး၊ သို့သော် နည်းနည်းပိုဂရုစိုက်ဖို့လိုတယ်။ အဲဒီ

ဆေးဝါးတင်သွင်းနေရမှုများနှင့်ပတ်သက်၍
ပြည်တွင်း၌ လိုအပ်သည့်
အခြေခံအိမ်သုံးဆေးဝါးများကို
မိမိတို့ ပြည်တွင်း၌ပင် ထုတ်လုပ်သုံးစွဲနိုင်ရေး
လုပ်ဆောင်ကြရမည်၊
ယခုကဲ့သို့ အခြေအနေမျိုးတွင်
အများသုံးဆေးဝါးများကို
ပြည်ပမှတင်သွင်းနေရမှုများကို
သင်ခန်းစာယူ၍ မိမိတို့နိုင်ငံရှိ စက်မှုဇုန်များ၊
စက်ရုံ၊ အလုပ်ရုံများတွင် ထုတ်လုပ်နိုင်ရေး
ဆောင်ရွက်ကြရမည်။

တော့ အောက်စီဂျင်လိုလို့ရှိရင်လည်း အောက်စီဂျင်ကို Density များတဲ့အတွက်ကြောင့် သူကများများပေးဖို့လိုတယ် ဖြည့်ဆည်းပေးဖို့လိုတာပေါ့နော်။ အဲဒီတော့ ဆေးရုံတွေဆို လူကြပ်တယ်လို့ ပြောတာပေါ့၊ ဥပမာ-ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ဆေးရုံကြီး၊ ဒါလူတွေကြပ်တယ်လို့ ပြောတယ်။ အဲဒီတော့ ကျွန်တော်တို့က ဆေးရုံမှာလက်မခံနိုင်ဘူးဆိုရင် ဆေးရုံကဲ့သို့ လုပ်နိုင်တဲ့နေရာမျိုးရအောင် ဖန်တီးပေးဖို့ကြားမှာ ယာယီဖန်တီးပေးရမယ်၊ ကျွန်တော်တို့ Quarantine စင်တာတွေ လုပ်ပေးထားတာတွေရှိတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ စင်တာဖွင့်ရုံနဲ့မရဘူး ကျန်းမာရေးဆိုင်ရာဝန်ထမ်းတွေထားရမယ့်ဟာတွေ ရှိတယ်။ Quarantine စင်တာရယ် နောက်တစ်ခါ Positive လူနာတွေထားမယ့်နေရာရယ် ကုသရေးစင်တာထားမယ့် နေရာ၊ ကုသရေးစင်တာကတော့ ဒါမဖြစ်မနေ ဆရာဝန်တွေထားရမှာပေါ့။ အမြင့်ဆုံးကတော့ ကုသရေးစင်တာပဲ အဓိက Density များတဲ့ ရန်ကုန်တိုင်းလိုမန္တလေးတိုင်းလိုဟာမျိုးမှာ ဒီကုသရေးနဲ့ ပတ်သက်ပြီးတော့ စင်တာနဲ့ပတ်သက်ပြီးတော့ ဒီထက်တိုးချဲ့လို့ရမယ်ဆိုရင် တိုးချဲ့မယ်။ တစ်ဖက်ကလည်း လူထပ်ပေးဖို့လိုလို့ရှိရင် ထပ်ပြီးမှုရမယ့်သဘောရှိတယ်။ အဲဒါကို Realtime လုပ်ပါ။ ဟိုတင်ပြဒီတင်ပြတာတွေက ကြာပါတယ်။ ချက်ချင်းဆုံးဖြတ်ပြီး ချက်ချင်းအရေးယူဆောင်ရွက်တာ ကောင်းပါတယ်၊အဲဒါလေးလုပ်ပေးပါလို့ကျွန်တော်ကတော့ အကြံပြုလိုပါတယ်” ဟု ပြောကြားသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရောဂါကာကွယ်ကုသထိန်းချုပ်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း၊ လွန်ခဲ့သည့်ရက်ပိုင်းအတွင်း တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့တွင် ရောက်ရှိနေသည့် မိမိတို့မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိရန်ရှိသည်ဟု သတင်းများရရှိခဲ့ကြောင်း၊ ပြည်ပသို့ရောက်ရှိပြီး အခက်အခဲများဖြစ်ပေါ်နေသည့် မိမိတို့နိုင်ငံသားများအား မည်သို့ပင်အခက်အခဲရှိသည်ဖြစ်စေ ပြန်လည်ရောက်ရှိအောင် ခေါ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လေကြောင်း၊ ရေကြောင်း၊ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ လက်ခံနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

**ထုတ်လုပ်ပေးနိုင်ရမည်**

ဆေးဝါးတင်သွင်းနေရမှုများနှင့် ပတ်သက်၍ ပြည်တွင်း၌ လိုအပ်သည့် အခြေခံအိမ်သုံးဆေးဝါးများကို မိမိတို့ပြည်တွင်း၌ပင် ထုတ်လုပ်သုံးစွဲနိုင်ရေး လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးတွင် အများသုံးဆေးဝါးများကိုပြည်ပမှတင်သွင်းနေရမှုများကိုသင်ခန်းစာယူ၍ မိမိတို့နိုင်ငံရှိ စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံများတွင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုများကိုလည်း အားပေးကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်ပြီး စွမ်းရည်မြင့်သည့် ဆေးဝါးများကို ထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

စားသောက်ကုန်နှင့်ပတ်သက်ပြီး ကုန်ဈေးနှုန်းတက်ခြင်းများကို တစ်ကမ္ဘာလုံး တွင်တွေ့ကြုံရလျက်ရှိသည်မှာ သဘာဝပင်ဖြစ်သော်လည်း သဘာဝမကျသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုများဖြစ်လာ၍ မရကြောင်း၊ Supply နှင့် Demand မမျှပါက ကုန်ဈေးနှုန်းတက်မည်ဖြစ်ပြီး ကုန်ကြမ်းများ ဈေးမတက်စေရေး၊ သယ်ယူပို့ဆောင်ရေးစရိတ်များ မကြီးမြင့်စေရေးလုပ်ဆောင်ပေးရန်လိုကြောင်း၊

မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ အစာဈေးနှုန်းကြီးမြင့်မှုမရှိအောင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

**ခွင့်ပြုပေးထား**

သွားလာမှုနှင့်ပတ်သက်၍ ကန့်သတ်ချက်များလုပ်ဆောင်ထားသည်ဖြစ်သော်လည်း မဖြစ်မနေ သွားလာရန်လိုအပ်သည်များကို ခွင့်ပြုပေးထားကြောင်း၊ တစ်မြို့နှင့်တစ်မြို့ ကုန်စည်စီးဆင်းမှု၊ ကူးသန်းသွားလာမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများ မပြတ်တောက်အောင် လုပ်ဆောင်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်နေကြသည်ဖြစ်သော်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးနှင့် ပတ်သက်၍ လုပ်ဆောင်နိုင်သည့်မှန်သမျှကို ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာများတွင် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

( ၂၇ – ၇ – ၂၀၂၁ )




ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာများတွင် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၂၇ ရက်၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးဆိုင်ရာများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာတွင် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရန်လိုအပ်ကြောင်း၊ နိုင်ငံတကာ

> ကျန်းမာရေးထက် အရေးကြီးသည်မှာ မရှိသည့်အတွက် လုပ်ဆောင်ပေးနိုင်သည် မှန်သမျှကို လုပ်ဆောင်ပေးရမည် ဖြစ်ကြောင်း ယခင်ကတည်းကပင် ပြောကြားခဲ့ပြီး ပြည်သူတို့၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးများကို အစဉ်တစိုက် လုပ်ဆောင်ပေးခဲ့။

နှင့် ဆက်ဆံဆောင်ရွက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များသည် နိုင်ငံကို ကိုယ်စားပြုခြင်းပင်ဖြစ်ကြောင်း၊ အာဆီယံတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ရန်ပုံငွေထူထောင်ထားရှိပြီး မိမိတို့နိုင်ငံမှလည်း ထည့်ဝင်လှူဒါန်းထားလျက်ရှိကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ မိမိတို့နိုင်ငံသို့ ကူညီထောက်ပံ့မှုများ လုပ်ဆောင်လာမည့်အခြေအနေများနှင့်ပတ်သက်၍ လုပ်ဆောင်ရန်ရှိသည်များကို မြန်ဆန်စွာလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ International community၊ Asean community တို့နှင့် လက်တွဲပူးပေါင်းလုပ်ဆောင်ရာတွင် အချိန်နှင့်တစ်ပြေးညီဆုံးဖြတ်ရန် လိုအပ်သည်များကို မတုံ့ဆိုင်းစေလိုပဲ မြန်ဆန်စွာလုပ်ဆောင်ကြစေလိုကြောင်း။

**စောလျင်စွာထိုးနှံနိုင်ရေး**

ကာကွယ်ဆေးထိုးနှံပြီးစီးမှု တိုးတက်မှုရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်ပနိုင်ငံများမှ မှာယူတင်သွင်းထားသည့်၊ လှူဒါန်းရရှိထားသည့် ကာကွယ်ဆေးများကို အမြန်ဆုံးရောက်ရှိပြီး စောလျင်စွာ ထိုးနှံနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှု လုပ်ငန်းစဉ်များ၊ လိုအပ်သည့် ဆေးဝါးအထောက်အကူပြုပစ္စည်းများ အမြန်ဆုံးရောက်ရှိနိုင်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တာဝန်ရှိသူများက အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးနှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ WHO တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ ကာကွယ်ဆေးများ ရောက်ရှိလာမှုနှင့် ထပ်မံရရှိနိုင်ရေး ဝန်ကြီးဌာနအလိုက် ချိတ်ဆက်လုပ်ဆောင်နေသည့်အခြေအနေ၊ ရောက်ရှိလာသည့် ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို နိုင်ငံတစ်ဝန်းသို့ ဖြန့်ဝေလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို ဆောင်ရွက်နေသည့်အခြေအနေ၊ ရုရှားနိုင်ငံနှင့် ပူးပေါင်း၍ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် လိုအပ်သည့် အခြေခံအချက်အလက်များကို နေ့စဉ်ပေးပို့၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး အခြားနိုင်ငံများမှလည်း ကမ်းလှမ်းထားရှိပြီး လိုအပ်သည်များ စမ်းသပ်နိုင်ရေး နမူနာပုံစံများ မှာယူထားရှိသည့် အခြေအနေများနှင့် ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ၊ ထောက်ပံ့ကူညီမည့် အစီအစဉ်များနှင့်ပတ်သက်၍ လုပ်ဆောင်နေသည့် အခြေအနေ၊ ကာကွယ်ဆေးများကို ပုဂ္ဂလိကအနေဖြင့် တင်သွင်းပြီး ထိုးနှံနိုင်ရေးလုပ်ဆောင်နိုင်မည့် အခြေအနေနှင့်ပတ်သက်၍ လုပ်ဆောင်နေမှုအခြေအနေနှင့် ဆက်လက်လုပ်ဆောင်နိုင်မည့်အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

**မှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရောဂါကူးစက်ဖြစ်ပွားမှုသည် နိုင်ငံတကာတွင် ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ထိန်းချုပ်နိုင်ရေးအတွက်လုပ်ဆောင်ရာတွင် ပြည်တွင်း၌ လုပ်ဆောင်မှုများသာမက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အမြန်ဆုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများတွင်လည်း ကိုယ်စီ

အခက်အခဲများ ကြုံတွေ့ရလျက်ရှိပြီး အာဆီယံရန်ပုံငွေမှ ဆောင်ရွက်ပေးသည်များ၊ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိနိုင်ရေး တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးထက် အရေးကြီးသည်မှာမရှိသည့်အတွက် လုပ်ဆောင်ပေးနိုင်သည် မှန်သမျှကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်းဖြင့် ယခင်ကတည်းကပင် ပြောကြားခဲ့ပြီး ပြည်သူတို့၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးများကို အစဉ်တစိုက် လုပ်ဆောင်ပေးခဲ့ကြောင်း၊ ထို့ပြင် ဆေးရုံတက်လူနာများအနေဖြင့် အာဟာရပြည့်ဝနေရန် အရေးကြီးသဖြင့် ကြက်ဥ၊ ငှက်ပျောသီးနှင့် အခြားအာဟာရပြည့် ဖြည့်စွက်စာများကို နီးစပ်ရာ တပ်စခန်းများမှတစ်ဆင့် ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်လှူဒါန်းစေလျက်ရှိကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်လာပါက မှန်မှန်ကန်ကန်လုပ်ဆောင်ပေးရန်အရေးကြီးပြီး ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်ခြင်းမဖြစ်စေလိုဘဲ တိုင်းပြည်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မည်သို့သော အခြေအနေပင်ဖြစ်စေ တိုင်းပြည်နှင့် ပြည်သူလူထုကျန်းမာရေးကောင်းမွန်စေရေးအတွက် လုပ်ဆောင်ပေးနိုင်သည်မှန်သမျှကို ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-958-5-6